# ကြေးမုံ

The Mirror Daily

Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday 19 December 2019 ၉၈၆၈


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ပြည်သူပြည်သားအပေါင်းရှင့်၊

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့၊ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ အပြည်ပြည်ဆိုင်ရာတရားရုံးတော်ရှေ့မှောက် လျှောက်လဲခဲ့ချိန်မှာ ကျွန်မအနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ကိုယ်စားလှယ်အဖြစ် တက်ရောက်ရတာကို ဂုဏ်ယူကြောင်း ပြောကြားခဲ့ပါတယ်။ တရားရုံးတော်မှာ ကျွန်မတို့ နိုင်ငံတော်ကို ကိုယ်စားပြုပြီး တက်ရောက်ခဲ့ရခြင်းဟာ ကျွန်မနဲ့ ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့အတွက် အမှန်တကယ်ပဲ ဂုဏ်ယူစရာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အလွန်လေးနက်တဲ့ တာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံကနေ ကျွန်မတို့ မြန်မာနိုင်ငံအပေါ် အလွန်ဆိုးရွားတဲ့ လူမျိုးပြုန်းတီးမှုနဲ့ တရားစွဲဆိုထားခြင်း ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ ကျွန်မတို့ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်တွေနဲ့ ကျွန်မတို့ ပြည်ထောင်စုကြီးရဲ့ အနာဂတ်သာမက နိုင်ငံတကာ အသိုက်အဝန်းရဲ့ မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေနဲ့ ကျေပွန်ရမယ့် တာဝန်ဝတ္တရားတွေကို စိတ်တွင်အစဉ်စွဲမြဲလျက် ကျွန်မတို့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ တာဝန်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း ပြောကြားစဉ်။

ကျွန်မတို့ရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံအတွင်းမှာရှိကြတဲ့ အသိုက်အဝန်းတွေအားလုံးကြားမှာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ သဟဇာတရှိရေးကို မျက်ခြည်ပြတ်မခံဘဲ ရိုးသားဖြောင့်မတ်ခြင်း၊ တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်းတို့အပေါ် ခိုင်ခိုင်မာမာ ရပ်တည်ချေပခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ဥပဒေအဖွဲ့အနေနဲ့လည်း ကျွန်မတို့ အလေးထားစဉ်းစားရတဲ့ ကိစ္စရပ်များနဲ့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေကို ကောင်းစွာနားလည်ထားကြပါတယ်။ ကျွန်မတို့ ဥပဒေပညာရှင်တွေရဲ့ ထူးချွန်ပြောင်မြောက်လှတဲ့ ဥပဒေပညာဆိုင်ရာ ကျွမ်းကျင်မှု၊ တရားမျှတမှုအပေါ် သက်ဝင်ယုံကြည်မှုနဲ့ ကျွန်မတို့အမှုကိစ္စအပေါ် စေတနာထားဆောင်ရွက်ခဲ့မှုတွေအတွက်လည်း ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်းကို အခုလို အခွင့်အခါကြုံကြိုက်တဲ့အခါမှာ အလေးအနက် ပြောကြားလိုပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံကို ကိုယ်စားပြုတဲ့ ရှေ့နေတွေနဲ့ ဥပဒေအကြံပေးတွေကတော့ အင်္ဂလန်နဲ့ ဝေလပြည်နယ်ဆိုင်ရာ ရှေ့နေများအဖွဲ့က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မစ္စတာ ခရစ်တိုဖာစတိတ်ကာ၊ လိုက်ဒန်တက္ကသိုလ်၊ နိုင်ငံတကာ ပြစ်မှုဆိုင်ရာဥပဒေနဲ့ လူ့အခွင့်အရေးဌာနပါမောက္ခ၊ မစ်ဒယ်ဆက်စ်တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာဥပဒေဌာနရဲ့ ပါမောက္ခလည်းဖြစ်တဲ့ မစ္စတာဝီလျံရှေးဘတ်စ်နဲ့ လန်ဒန်မှာရှိတဲ့ Queen Mary တက္ကသိုလ်ရဲ့ နိုင်ငံတကာပြည်သူ့ရေးရာ ဥပဒေဌာနက ပါမောက္ခလည်းဖြစ်ပြီး ကင်ညာနိုင်ငံ၊ တရားလွှတ်တော်ရှေ့နေနဲ့ အနုညာတခုံရုံး အဖွဲ့ဝင်လည်းဖြစ်တဲ့ မစ္စဖိုဘီအိုကာဝါတို့ပဲ ဖြစ်ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ပြည်သူပြည်သားအပေါင်းရှင့်၊

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ ခက်ခဲတဲ့အချိန်ကာလတွေကို ဖြတ်သန်းရလေ့ရှိပြီး ဒီနိယာမကို ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့လည်း ရှောင်လွှဲလို့မရနိုင်ပါဘူး။ အဲ့ဒီလို ကျော်လွှားရတဲ့ အခက်အခဲတွေကပဲ ကျွန်မတို့ရဲ့ အားသာချက်တွေ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**"ကျွန်မတို့နိုင်ငံမှာ အခုလိုမျိုး အရေးကိစ္စတွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်အခါမှာ "အရေးကြီးပြီ-သွေးစည်းကြစို့"ဆိုတဲ့အတိုင်း ကျွန်မတို့နိုင်ငံအနှံ့အပြားကနေ ထောက်ခံအားပေးခဲ့ကြတဲ့ ကျွန်မတို့ပြည်သူတွေရဲ့ ဝန်းရံမှုတွေဟာလည်း ကျွန်မတို့အဖွဲ့ဝင်အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်ခွန်အားတွေ ဖြစ်စေခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့နိုင်ငံအတွက် လိုအပ်တဲ့အချိန်၊ အရေးကြီးတဲ့အချိန်မှာ ကျွန်မတို့ကို ဝန်းရံအားပေးခဲ့ကြတဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း အလေးအနက်ပြောကြားလို"**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# မြန်မာ-ဗီယက်နမ် ဖွံ့ဖြိုးရေးဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုသည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၆ ရက် ညပိုင်းက ရောက်ရှိခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် မြန်မာ– ဗီယက်နမ် နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စ၊ စိုက်ပျိုးရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သစ်တောနှင့် သယံဇာတ၊ ဆောက်လုပ်ရေးနှင့် နည်းပညာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

မြန်မာနှင့် ဗီယက်နမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး နှစ်ပေါင်းများစွာ မိတ်ဆွေရင်းချာနိုင်ငံအဖြစ် နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများကို အစဉ်အဆက်ပြုလုပ်ခဲ့ကြသည်။ ရေမြေသဘာဝနှင့် ယဉ်ကျေးမှု ဓလေ့စရိုက်များ တူညီမှုရှိသော အာရှနိုင်ငံသား ညီအစ်ကို မောင်နှမများ ဖြစ်သည်နှင့်အညီ တစ်ဦးအပေါ်တစ်ဦး ရိုင်းပင်းကူညီဖေးမခဲ့ကြသည်။ အထူးသဖြင့် မြစ်၊ ချောင်း၊ လွင်ပြင်၊ တောင်တန်း၊ ပင်လယ်ကမ်းရိုးတန်းများရှိသော ဗီယက်နမ်နိုင်ငံသည် ရခိုင်ပြည်နယ်နှင့် သဘောသဘာဝတူညီပြီး မတူညီသည်မှာ မဖွံ့ဖြိုးသေးခြင်းနှင့် ဖွံ့ဖြိုးနေခြင်းပင်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင်တည်ရှိပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ဘက်စွန်းတွင် တည်ရှိသည်။ ၂၀၁၇ ခုနှစ် စာရင်းအရ လူဦးရေ သန်း ၉၀ ကျော်ရှိပြီး ဗီယက်နမ်နိုင်ငံ၏သမိုင်းတွင် ပြင်သစ်၊ ဂျပန်၊ အမေရိကန်နှင့် ပြည်ပနိုင်ငံတို့၏ ကျူးကျော်စွက်ဖက်မှုများကို အကြိမ်ကြိမ်ခံခဲ့ရသည်။ ၁၉၆၄ ခုနှစ် တောင်–မြောက် ဗီယက်နမ်နှစ်ခြမ်းကွဲခဲ့သည့် ဒုတိယအင်ဒိုချိုင်းနားတော်လှန်ရေး ၁၁ နှစ်ခန့်ကြာသောစစ်ပွဲအတွင်း ဗီယက်နမ်ပြည်သူ သန်းနှင့်ချီ၍ အသက်ပေးဆပ်ခဲ့ရသည်။ ထို့နောက် ၁၉၇၆ ခုနှစ်တွင် တောင်–မြောက် ဗီယက်နမ်ပြန်လည်ပေါင်းစည်းပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။

စစ်ဘေးစစ်ဒဏ်အမျိုးမျိုးကိုခံခဲ့ရသည့် ပြာပုံအတွင်းမှ ဗီယက်နမ်နိုင်ငံသည် နှစ်ပေါင်း ၃၀ ကျော်ခန့်အတွင်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်လာသည်။ ဗီယက်နမ်နိုင်ငံ၏ လက်ရှိကာလဖွံ့ဖြိုးတိုးတက်မှုများမှာ အတုယူအားကျဖွယ်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အဓိကအချက်များတွင် နိုင်ငံသူ နိုင်ငံသားများအားလုံး စည်းကမ်းကို ရိုသေလေးစားလိုက်နာကြခြင်းသည် အရေးပါသည့်အချက်ဖြစ်သည်။ ရေမြေသဘာဝကို အကျိုးရှိစွာအသုံးချမှု၊ ပြည်သူ ပြည်သားများ တက်ညီလက်ညီ ကြိုးစားလုပ်ကိုင်မှုနှင့် လျှပ်စစ်စွမ်းအင်များ အလျှံအပယ်ရရှိမှုတို့သည် ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အဓိကအချက်များဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ပြည်တွင်း၌သာမက ပြည်ပသို့ပါ ထိုးဖောက်လာနိုင်သည်။

တိုးတက်လာသော ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်သောကြောင့် မြန်မာနိုင်ငံအတွက်လည်း အလားအလာကောင်းများ ရရှိလာသည်။ ဗီယက်နမ်နိုင်ငံ၌ ဆင်းရဲမွဲတေမှုကို နှစ်စဉ် ၁ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချနေသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပြီး မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့် အတွေ့အကြုံကောင်းများ ဖြစ်လာသည်။ ယခုအခါ မြန်မာ–ဗီယက်နမ် ဆက်ဆံရေးသည် သိသိသာသာတိုးတက်လာပြီး ဘက်စုံပူးပေါင်းဆောင်ရွက်မှုများသည် ဖွံ့ဖြိုးမှုဆီသို့ ရှေးရှုလာသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏအနေဖြင့် ရည်မှန်းထားသည့်အချိန်မတိုင်မီ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်အောင် လုပ်ဆောင်နေသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၌ စီမံကိန်း ၂၀ မက လုပ်ဆောင်နိုင်ခြင်းသည် အနာဂတ်ကာလ နှစ်နိုင်ငံဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး တိုးတက်ဖော်ဆောင်နိုင်မှုများသည် နှစ်နိုင်ငံမိတ်ဖက်ဖြစ်ကြောင်းကို ပြသနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံ မြန်မြန်ဆန်ဆန် ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန်အတွက် အထောက်အပံ့ကောင်းများ ဖြစ်စေပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Facebook Director Mr. Rafael Frankel နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် Facebook ၏ Director of Public Policy for Southeast Asia ဖြစ်သူ Mr. Rafael Frankel နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်း (Civic Education) နှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း (Voter Education) တို့အတွက် Facebook မှ ကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှားများ၊ အမုန်းစကားများ၊ သတင်းအတုအယောင်များ ကာကွယ်တားဆီးနိုင်မည့် အစီအစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းမှန်ပြန်ကြားရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲလာသည့် ကုထုံးအသစ်များနှင့် နည်းစနစ်အသစ်များကို သိရှိနိုင်ရန် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)က စီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းတို့က အမှာစကားပြောကြားကြပြီး တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို တိုင်းရင်းဆေးဆရာများ၏ မူလပညာရပ်များကို မျှဝေနိုင်စေရန်နှင့် ခေတ်မီဆန်းသစ်သော ပညာရပ်များကို မျှဝေနိုင်ရန်၊ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲလာသည့် ကုထုံးအသစ်များနှင့် နည်းစနစ်အသစ်များကို သိရှိနိုင်ရန်၊ ဘာသာရပ်များအလိုက် စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သွားရန်၊ ခေတ်မီသော အတတ်ပညာများကို မူလပညာရပ်များနှင့် ပေါင်းစပ်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇော်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈–၁၂–၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁၀၅ | ၁,၂၀၇,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၁၁,၃၉၈ | ၄၃,၃၁၂,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၅ | ၄၁,၅၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၂၁၅ | ၄,၈၃၇,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၅၄ | ၁၅၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်(ရွှေဈေး) ၁၁၈၃၀၀၀ မန္တလေး(ရွှေဈေး) ၁၁၈၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၅၅ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၅၀/၉၈၀ ကျပ် | ၁၀၃၀/၁၀၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၂၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၇၀ ကျပ် | ၉၇၅/၉၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၉ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၅.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၇၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၃.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၈၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၅.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၉၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၀.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁



# ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီ

**တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူ ရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟောပဏာမပြင်ဆင်မှု ညီလာခံတွင် မိန့်ကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]*

☆ **ရှေ့ဖုံးမှ**

အားနည်းချက်တွေကိုပြန်လည်သုံးသပ်ဆင်ခြင်ပြီး အားသစ်အင်သစ်ဖြည့်ခြင်းနဲ့ အမှားပြင်အမှန်ကိုဆောင်ရွက်ခြင်းတွေကို ပြုလုပ်နိုင်တဲ့ အခွင့်အလမ်းတွေကို ရရှိစေပါတယ်။ ပိုမိုကောင်းမွန်စေဖို့၊ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ကျွန်မတို့ တွေ့ကြုံရင်ဆိုင်လာရတဲ့ စိန်ခေါ်မှုတွေကို ရိုးသားဖြောင့်မတ်စွာ၊ အပြုသဘောဆောင်စွာ ရင်ဆိုင်ကျော်လွှားသွားနိုင်ဖို့အတွက် ရဲစွမ်းသတ္တိနှင့် ဆင်ခြင်တုံတရားတို့ လိုအပ်ပါတယ်။ ဒီကနေ့ တရားရုံးတော်မှာ ကျွန်မတို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာ တကယ်တော့ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းက ဖြစ်ပွားခဲ့တဲ့ ကိစ္စတွေကြောင့်တင်မဟုတ်ဘဲ လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာ ကာလအတွင်း ရခိုင်ပြည်နယ်မှာရှိနေခဲ့တဲ့ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးအားနည်းချက်တွေကို လက်တွေ့ကျကျ မျှမျှတတ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တဲ့ အခွင့်အရေးတွေကို လက်လွတ်ဆုံးရှုံးခဲ့ကြတာကြောင့်လည်း ဖြစ်ပါတယ်။ အတိတ်ကို ပြန်လည်ပြောင်းလဲလို့တော့ မရနိုင်ပါဘူး။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ သာယာလှပတဲ့ အနာဂတ်ကို တည်ဆောက်နိုင်ဖို့အတွက် လက်ရှိပစ္စုပ္ပန်ကို အကောင်းဆုံးအသုံးချရမှာပါ။

## တန်ဖိုးကြီးခွန်အားတွေဖြစ်

ပြည်သူလူထုရဲ့ ထက်သန်တဲ့ စိတ်ဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိရင် တိုင်းပြည်ရဲ့ ဘယ်လိုအမျိုးသားရေးလုပ်ငန်းကိုမှ အောင်မြင်အောင်ဆောင်ရွက်နိုင်မှာ မဟုတ်ဘူးလို့လည်း ကျွန်မအနေနဲ့ မကြာခဏဆိုသလို ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အမှန်တကယ် ထိရောက်အကျိုးရှိစေဖို့ဆိုရင် တွေ့ကြုံရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ကျေကျေလည်လည် သိရှိနားလည်မှုပေါ်မှာပဲ အခြေခံရမှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ရုံးတော်ကို တင်ပြခဲ့ချိန်မှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးနဲ့ သည်ဟိတ်ဂ်မြို့သာမက ကမ္ဘာအနှံ့အပြားမှာရှိနေကြတဲ့ ကျွန်မတို့ပြည်သူတွေရဲ့ ရက်ရက်ရောရော၊ စေတနာမတက်စတမ်း၊ တစ်ခဲနက်အားပေးထောက်ခံမှုတွေဟာ ကျွန်မတို့မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် နိုင်ငံတကာတရားရုံးတော်မှာ လျှောက်လဲစဉ် တကယ်ကိုပဲ ခွန်အားတွေ ဖြစ်စေခဲ့ရပါတယ်။ ဒါပေမယ့်လည်း ရုံးတော်အတွင်းမှာ အမှုဆိုင်ရာ လျှောက်လဲမှုဖြစ်စဉ်တွေ၊ ဥပဒေကြောင်းနဲ့နိုင်ငံရေးရာ အကျိုးသက်ရောက်မှုတွေနဲ့ပတ်သက်ပြီးတော့ အသေးစိတ်ကို နားလည်သဘောပေါက် သိရှိလိုသူတွေ အများအပြားရှိနေကြဦးမှာပါ။ ဒီအချက်အလက်တွေကိုလည်း တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံ ဝေမျှရှင်းလင်းပြပေးဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး နှလုံးသားနဲ့သာမက၊ ဦးနှောက်နဲ့ပါ ခိုင်ခိုင်မာမာ ရှင်းရှင်းလင်းလင်း သိမြင်နားလည်မှုကြောင့် ပြည်သူတွေဟာ ကျွန်မတို့နဲ့ တစ်သွေးတည်း တစ်သားတည်း ရှိနေမယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက် တန်ဖိုးကြီးခွန်အားတွေ ဖြစ်လာမှာပါ။

လက်ရှိအချိန်မှာ ကျွန်မတို့အနေနဲ့ တရားရုံးတော်အတွင်းက လျှောက်လဲမှုဖြစ်စဉ်အပြည့်အစုံကို အများပြည်သူသိရှိနိုင်စေဖို့အတွက် မြန်မာဘာသာပြန်ဆိုမှုတွေ ဆောင်ရွက်နေပါပြီ။ ဒါ့အပြင် ကျွန်မတို့နဲ့အတူ သည်ဟိတ်ဂ်မြို့ကို သွားရောက်ခဲ့ကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တွေအနေနဲ့လည်း တရားရုံးလျှောက်လဲမှုတွေနဲ့ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားစီရင်ရေးနဲ့ ပတ်သက်တဲ့ ဥပဒေရေးရာ၊ နိုင်ငံရေးရာနဲ့ သံတမန်ရေးရာ ရှုထောင့်အမြင်တွေကို ဆွေးနွေးတင်ပြနိုင်မယ့် စကားဝိုင်းတစ်ရပ်ကို မနက်ဖြန်မှာ ထုတ်လွှင့်သွားဖို့လည်း ရှိပါတယ်။ ဒီလိုမျိုး စကားဝိုင်းဆွေးနွေးပွဲတွေကို ပြည်သူအများက စိတ်ဝင်တစားစောင့်ကြည့်ပြီး ဒီအမှုကိစ္စကနေ မြန်မာနိုင်ငံအပေါ် ကျရောက်လာနိုင်ဖွယ်ရာရှိတဲ့ အကျိုးဆက်တွေကိုသာမက မျက်မှောက်ကာလရဲ့ အပြည်ပြည်ဆိုင်ရာတရားရေးစနစ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လာနိုင်ကြမယ်လို့လည်း မျှော်လင့်ထားပါတယ်။

## ကာကွယ်ပေးသွားဖို့ သန္နိဋ္ဌာန်ချမှတ်ထား

ကျွန်မအနေနဲ့ အမိမြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်အဖြစ် တရားရုံးတော်ကို ဒီကနေ့ ရခိုင်ပြည်နယ်ရဲ့ ပကတိမြေပြင်အခြေအနေဆိုင်ရာ အချက်အလက်တွေကိုသာမက ဒီဒေသမှာဖြစ်ပွားနေတဲ့ပဋိပက္ခတွေရဲ့ အရင်းခံရေသောက်မြစ်ရဲ့ သမိုင်းကြောင်းနောက်ခံ၊ စီးပွားရေး၊ လူမှုရေးနဲ့ စစ်ရေးဆိုင်ရာ အချက်အလက်တွေကိုလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီလိုတင်ပြနိုင်ဖို့ရာ အင်မတန်မှ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂမ်ဘီယာနိုင်ငံကိုယ်စားလှယ်၊ ဂမ်ဘီယာနိုင်ငံဘက်က ရှေ့နေတွေ၊ ဥပဒေအကြံပေးတွေအနေနဲ့ ဒီအချက်အလက်တွေကို လျစ်လျူရှုခဲ့ရုံတင်မကပါဘူး၊ ဒီပဋိပက္ခတွေကို အစပြုဖြစ်ပေါ်စေခဲ့တဲ့ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် အတွင်းက ARSA ရဲ့ တိုက်ခိုက်မှုတွေအကြောင်းကို ပါရုံကလေးလောက်ပဲ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်မှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ပိုမိုပြီး ခက်ခဲရှုပ်ထွေးစေတဲ့ တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့အကြား ဒီကနေ့အထိ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေအကြောင်းကို လုံးဝထည့်သွင်းပြောကြားခဲ့တာမျိုးလည်း မရှိခဲ့ပါဘူး။ ကျွန်မအနေနဲ့ ဒီလိုမျိုး လက်နက်ကိုင်ပဋိပက္ခတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေမျိုးတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနိုင်တယ်၊ တရားမျှတမှုနဲ့ တရားဥပဒေစိုးမိုးရေးနဲ့စပ်လျဉ်းပြီး နိုင်ငံတကာက လက်ခံထားတဲ့ စံနှုန်းတွေနဲ့ သွေဖည်နိုင်တယ်ဆိုတဲ့အချက်ကို အငြင်းမပွားခဲ့ပါဘူး။ ဒါပေမယ့်လည်း ဒီလိုချိုးဖောက်မှုတွေကို လူမျိုးပြုန်းတီးမှုနဲ့ လူမျိုးပြုန်းတီးစေဖို့ ရည်ရွယ်ချက်ရှိရှိဆောင်ရွက်တယ်လို့ မသတ်မှတ်နိုင်ပါဘူး။ ချိုးဖောက်သူတွေ၊ ကျူးလွန်သူတွေရှိခဲ့ရင် ဥပဒေနဲ့အညီ အရေးယူမှုတွေ ဆောင်ရွက်မှာဖြစ်သလို ဒီလို အရေးယူရန်ဆန္ဒနဲ့ အရေးယူနိုင်စွမ်းလည်း ကျွန်မတို့အနေနဲ့ အပြည့်အဝရှိနေပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်တွင်းတရားစီရင်မှုဖြစ်တဲ့ စစ်ဘက်ဆိုင်ရာ တရားရေးစနစ်၊ အရပ်ဘက်ဆိုင်ရာ တရားရေးစနစ်တွေကနေ ပြည်သူတွေအားလုံးရဲ့ အခွင့်အရေးတွေကို ဥပဒေကြောင်းအရ ကာကွယ်ပေးသွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးသား ဖြစ်ပါတယ်။ အသိုက်အဝန်းတွေအကြား ကာလရှည်ကြာ တည်ရှိနေခဲ့တဲ့ လူမှုရေးဆိုင်ရာ ပဋိပက္ခတွေကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ ဖွံ့ဖြိုးမှု နိမ့်ကျတာတွေ၊ ဆင်းရဲနွမ်းပါးမှု အမြစ်တွယ်နေခဲ့တာတွေကြောင့် အလွန်တရာ ကျယ်ပြန့်နက်နဲရှုပ်ထွေးလှတဲ့ စိန်ခေါ်မှုတွေအဖြစ် ကိုဖီအာနန်ကော်မရှင်က သတ်မှတ်ဖော်ပြခဲ့တဲ့ ကိစ္စရပ်တွေကို ဖြေရှင်းနိုင်ဖို့အတွက် ကျွန်မတို့ ခိုင်ခိုင်မာမာ ဆောင်ရွက်နေတဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကိုလည်း တရားရုံးတော်ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

## ချေပလျှောက်လဲခဲ့

ဂမ်ဘီယာနိုင်ငံက တရားရုံးတော်ကို လျှောက်ထားခဲ့တဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်တွေဟာ ကျွန်မတို့ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်နေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် မလိုလားအပ်တဲ့ဆိုးကျိုးတွေ သက်ရောက်လာစေနိုင်ပါတယ်။ ကျွန်မတို့ဘက်က ရှေ့နေတွေဟာ တရားရုံးတော်အနေနဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်တွေချမှတ်ဖို့ မသင့်ကြောင်းကို ချေပပြီး လျှောက်လဲခဲ့ပါတယ်။ ပါမောက္ခရှေးဘတ်စ်အနေနဲ့ ဂမ်ဘီယာနိုင်ငံက လျှောက်ထားချက်ဟာ ကြားဖြတ်စီမံဆောင်ရွက်ချက်တွေ ချမှတ်နိုင်ဖို့အတွက် သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိ၊ ယုတ္တိမတန်ဘူးဆိုတာကို ပီပီပြင်ပြင် ထောက်ပြခဲ့ပါတယ်။ ဒီနောက်တော့ မစ္စတာ စတိတ်ကာကလည်း ဖြစ်နိုင်ခြေရှိသည်ဟူ၍ တင်ပြလျှောက်လဲမှုများသည် ခိုင်မာခြင်းမရှိကြောင်း ပြန်လည်ချေပခဲ့ပါတယ်။ အဲ့ဒီနောက်မှာ မစ္စအိုကိုဝါက ရခိုင်ပြည်နယ်မှာ အစားထိုးမရနိုင်အောင် ထိခိုက်နစ်နာသွားနိုင်တဲ့ အခြေအနေ မရှိသလို၊ နောင်မှာလည်း ဒီလိုအခြေအနေမျိုး ဖြစ်လာနိုင်မယ့် အလားအလာ မရှိတဲ့အတွက် တစ်ဖက်က တောင်းဆိုနေတဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်တွေကို ချမှတ်ဖို့ မလိုအပ်ဘူးဆိုတာကို ချေပလျှောက်လဲခဲ့ပါတယ်။ ဂမ်ဘီယာနိုင်ငံဘက်က လျှောက်လဲချက်တွေဟာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးအဖွဲ့ (FFM)ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့ စွပ်စွဲချက်တွေကို အခြေခံထားတာပဲ ဖြစ်ပါတယ်။ အဲဒီစုံစမ်းစစ်ဆေးရေးအဖွဲ့ကို လူ့အခွင့်အရေးကောင်စီမှာ ဖွဲ့စည်းစဉ်ကတည်းက ကျွန်မတို့နိုင်ငံကလက်မခံခဲ့ပါဘူး။ ဥပဒေကြောင်းအရ လျှောက်လဲချက်တွေကို အသေးစိတ် မနက်ဖြန် မြန်မာ့ရုပ်မြင်သံကြားမှာ ဆွေးနွေးထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ နားထောင်ကြပါ။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်သူပြည်သားအပေါင်းရှင့်၊

ကျွန်မအနေနဲ့ တရားရုံးတော်မှာနောက်ဆုံးအပိတ်အဖြစ် ပြောကြားခဲ့ရာမှာတော့ မတူကွဲပြားမှုတွေကြားက ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ပြည်သူတွေရဲ့ အလားအလာကောင်းတွေ ဖွံ့ဖြိုးတိုးတက်နိုင်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာမှာ ကြုံတွေ့ရမယ့်စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ရေးတို့ကို အထောက်အကူဖြစ်နိုင်စေမယ့် ဆုံးဖြတ်ချက်မျိုးကို တရားစီရင်ရေးဆိုင်ရာ ဉာဏ်ပညာအမြော်အမြင်နဲ့ ဆင်ခြင်တုံတရား ပြည့်ဝစွာထားပြီး တရားသူကြီးတွေအနေနဲ့ ချမှတ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒီနောက်မှာတော့ မြန်မာနိုင်ငံရဲ့ နောက်ဆုံးလျှောက်လဲချက်တွေကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။

ကျွန်မတို့ရဲ့ နောက်ဆုံးလျှောက်လဲချက်တွေကတော့ "ရုံးတော်ရဲ့ ဥပဒေပုဒ်မ (၆၀) စာပိုဒ် (၂) အရ လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း တင်သွင်းခဲ့တဲ့ အကြောင်းပြချက်များအရ လည်းကောင်း၊ ရုံးတော်အနေနဲ့ သင့်တော်လျော်ကန်မယ်လို့ယူဆတဲ့ အခြားအချက်အလက်များအပေါ်မှာ အခြေခံ၍ လည်းကောင်း၊ ရုံးတော်အား မြန်မာနိုင်ငံအနေနဲ့ မေတ္တာရပ်ခံလိုတာကတော့ –

(၁) ဂမ်ဘီယာမှ ရုံးတော်သို့တင်သွင်းထားတဲ့ အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးရန်၊

(၂) သို့တည်းမဟုတ် ဂမ်ဘီယာမှတောင်းဆိုသည့် ကြားဖြတ်စီမံဆောင်ရွက်ချက်များအား ပယ်ချပေးရန်"ဆိုပြီး လျှောက်လဲခဲ့တာဖြစ်ပါတယ်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်သူပြည်သားအပေါင်းရှင့်၊

အခုလက်ရှိအချိန်မှာ ကျွန်မတို့အနေနဲ့ တရားရုံးတော်ရဲ့ စီရင်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းသွားဖို့ပဲ ဖြစ်ပါတယ်။ တရားရုံးတော်က စီရင်ချက်ကို လာမယ့် ဇန်နဝါရီလအတွင်းမှာ ချမှတ်သွားဖွယ်ရာ ရှိနေပါတယ်။ ကျွန်မတို့အနေနဲ့ ဒီအမှုကိစ္စကို ရိုးရိုးသားသား၊ ပြည့်ပြည့်စုံစုံ တင်ပြခဲ့တာဖြစ်တဲ့အပြင် ကျွန်မတို့ရဲ့ ရှေ့နေတွေ၊ ကျွန်မတို့ရဲ့ ဥပဒေအကြံပေးတွေရဲ့ ချေပလျှောက်လဲချက်တွေဟာလည်း ဥပဒေကြောင်းအရ အမြင့်မားဆုံးစံနှုန်းတွေနဲ့အညီ ခိုင်ခိုင်မာမာ တင်ပြခဲ့တာဖြစ်ပါတယ်။ စိတ်ရောကိုယ်ပါ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ ဥပဒေအဖွဲ့၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တွေနဲ့ ပြည်တွင်းက ပံ့ပိုးပေးခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

## အဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်ခွန်အား

ကျွန်မတို့နိုင်ငံမှာ အခုလိုမျိုးအရေးကိစ္စတွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်အခါမှာ "အရေးကြီးပြီ–သွေးစည်းကြစို့" ဆိုတဲ့အတိုင်း ကျွန်မတို့နိုင်ငံအနှံ့အပြားကနေ ထောက်ခံအားပေးခဲ့ကြတဲ့ ကျွန်မတို့ပြည်သူတွေရဲ့ ဝန်းရံမှုတွေဟာလည်း ကျွန်မတို့ အဖွဲ့ဝင်အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်ခွန်အားတွေ ဖြစ်စေခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့နိုင်ငံအတွက် လိုအပ်တဲ့အချိန်၊ အရေးကြီးတဲ့အချိန်မှာ ကျွန်မတို့ကို ဝန်းရံအားပေးခဲ့ကြတဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

ဥရောပတိုက်မှာရှိနေတဲ့ နိုင်ငံအနှံ့အပြားကသာမက ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့လို အလှမ်းဝေးကွာလှတဲ့ နိုင်ငံတွေနဲ့ မြန်မာနိုင်ငံကပြည်သူတွေဟာလည်း သည်ဟိတ်ဂ်မြို့အထိ အရောက်လာပြီး ဝန်းရံအားပေးခဲ့ကြပါတယ်။ ဒီလိုလာရောက်ဝန်းရံကြသူတွေအများဟာ ငွေကြေးကြွယ်ဝချမ်းသာသူတွေ မဟုတ်ကြပေမယ့်လည်း ကျွန်မတို့အပေါ်မှာ ထားရှိတဲ့ ချစ်ခြင်းမေတ္တာ၊ ယုံကြည်မှုအင်အားနဲ့ လာရောက်အားပေးခဲ့ကြတာ ဖြစ်ပါတယ်။ အခြားနိုင်ငံတွေက လာရောက်ကြသူတွေကို သည်ဟိတ်ဂ်မြို့မှာ အခြေချနေထိုင်ကြတဲ့ မြန်မာတွေက ပြည်ထောင်စု မိသားစုဝင်များစိတ်ဓာတ်နဲ့ နေရာထိုင်ခင်း၊ စားသောက်ဖွယ်ရာတွေ၊ နွေးထွေးမှုတွေနဲ့ သူတို့ရဲ့အိမ်တံခါးတွေကို ဖွင့်ပေးလက်ခံခဲ့ကြတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒီအထဲက တချို့ဟာ အခြားနိုင်ငံသားအဖြစ်ခံယူထားသူတွေ ဖြစ်ကြပေမယ့်လည်း တန်ဖိုးထားရတဲ့ အားပေးဝန်းရံမှုကတော့ ယုတ်လျော့သွားခဲ့တာမျိုး မရှိခဲ့ပါဘူး။ တကယ်တော့ နိုင်ငံသားဖြစ်မှုဆိုတာဟာ ဥပဒေပြဋ္ဌာန်းချက်တစ်ခုသာဖြစ်ပြီး ကျွန်မတို့ရဲ့ စိတ်ဝိညာဉ်၊ ကျွန်မတို့ရဲ့ နှလုံးသားတွေ စုစည်းပေါင်းစည်းမှုကသာ ခိုင်မာတဲ့ ညီညွတ်မှုရဲ့အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ ရေပက်မဝင်တဲ့ ညီညွတ်မှု၊ စည်းလုံးမှု၊ သွေးစည်းမှုကိုအခြေခံပြီး နိုင်ငံတော်ရဲ့ရှေ့ခရီးမှာ ရင်ဆိုင်ကြုံတွေ့ဖွယ်ရာရှိတဲ့ စိန်ခေါ်မှုမှန်သမျှကို ကျွန်မတို့ ရင်ဆိုင်ကျော်လွှားသွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ကိုလာပြီးဝန်းရံပေးတဲ့ ပြည်သူ၊ ပြည်သားတွေ ကျွန်မတို့ ပြည်ထောင်စုရဲ့ သားသမီးတွေဟာ အင်မတန်မှ ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံတာကို စည်းကမ်းရှိရှိနဲ့ ဆက်ဆံတာကို ကျွန်မတွေ့ခဲ့ရတဲ့အခါကျတော့ အင်မတန်မှ ဂုဏ်ယူပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ ဒီလို စိတ်ဓာတ်တွေရှိတယ်။ အဆင့်ရှိတယ် ဆိုတာကို ကမ္ဘာကနေပြီးတော့ တွေ့သွားရပါတယ်။ ဒါကြောင့်မို့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ ရင်ဆိုင်မယ်။ အားလုံးအတူတကွပဲပေါ့။ ကျေးဇူးတင်ပါတယ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲအရာရှိကြီးများအား တွေ့ဆုံ လမ်းညွှန်အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲအရာရှိကြီးများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲအရာရှိကြီးများအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ တွေ့ဆုံပြီး လမ်းညွှန် အမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး၊ ဒုတိယရဲချုပ်များဖြစ်ကြသည့် ရဲဗိုလ်ချုပ်မျိုးဆွေဝင်း၊ ရဲဗိုလ်ချုပ်အောင်နိုင်သူ၊ ရဲဦးစီးအရာရှိချုပ်၊ ရဲရေးချုပ်၊ ရဲထောက်ချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ကြီးမှူး၊ ရဲရာထူးခန့်ချုပ်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ်၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များမှ ကွပ်ကဲရေးမှူးများ၊ ရဲတပ်ဖွဲ့ အသီးသီးမှ ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရဲတပ်ဖွဲ့မှူးများနှင့် ရဲလေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နောက်ခံသမိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ခေတ်အဆက်ဆက်ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်များနှင့် လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်အမှာစကား ပြောကြားရာတွင် ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တွေ့ရသည့်အကြောင်းရင်းမှာ ယခုအချိန်တွင် ပြည်တွင်းလုံခြုံရေး၊ ပြည်ပလုံခြုံရေးဆိုသည်မှာ ခွဲခြား၍ရသည့် အခြေအနေမရှိတော့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းလုံခြုံရေးသည် ပြည်ပ လုံခြုံရေးနှင့် ဆက်နွှယ်နေသောကြောင့် အထူးအရေးကြီးပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ယခင်က အခေါ်အဝေါ် Police (ပုလိစ် ) (ပုလိပ်) ဆိုသည်မှာ ထိန်းချုပ်သည့်သဘော၊ စောင့်ကြည့်သည့်သဘောဖြစ်ပါကြောင်း၊ ပြည်သူ့ရဲအဖြစ် ပြောင်းခဲ့သည်က ပြည်သူ့အတွက် ရဲရဲဝံ့ဝံ့သတ္တိရှိရှိလုပ်ဆောင်ပေးစေလိုသည့်သဘောဟု ထင်ပါကြောင်း၊ ယခု မြန်မာနိုင်ငံရဲဆိုသည်မှာ မြန်မာနိုင်ငံ၏ မြန်မာနိုင်ငံပြည်သူများနှင့် နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပလုံခြုံရေးကို ရဲရဲဝံ့ဝံ့လုပ်ဆောင်ခြင်းသဘောဟု ယူဆပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်တိုင်းသည် ကိုယ့်အလုပ်ကို ဂုဏ်ယူစေချင်ပါကြောင်း၊ ကိုယ့်အလုပ်ကို တာဝန်ကျေကျေ ဆောင်ရွက်စေချင်ပါကြောင်း။

**တရားဥပဒေစိုးမိုးမှုမရှိဘဲ နိုင်ငံအတွင်း မလုံခြုံနိုင်**

တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့်အေးချမ်းသာယာရေးသည် ခွဲခြား၍ မရပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ နိုင်ငံအတွင်း မလုံခြုံနိုင်ပါကြောင်း၊ နိုင်ငံအတွင်း မှီတင်းနေထိုင်သည့် တစ်ဦးချင်း၏လုံခြုံရေးသည် တရားဥပဒေစိုးမိုးမှုရှိမှ ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာ ရပ်ရွာအေးချမ်းသာယာမှုရှိမည် ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူများက စိတ်ခံစားချက်အတိုင်းမလုပ်ဘဲ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက မျှမျှတတလုပ်နိုင်အောင် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ တရားရုံးများသည်လည်း လူ့သဘာဝအခြေအနေနှင့် ကိုက်ညီအောင် ဥပဒေကို စီမံခန့်ခွဲရခြင်းပင်ဖြစ်ပါကြောင်း။

တရားမျှတခြင်းကို အကြင်နာတရားနှင့် ထိန်းကျောင်းရမည်ဖြစ်ကြောင်း၊ မေတ္တာတရားမရှိဘဲ အေးချမ်းသာယာမှုမရှိနိုင်ပါကြောင်း၊ ကမ္ဘာပေါ်တွင် အင်မတန်ဖွံ့ဖြိုးတိုးတက်တည်ငြိမ်သည့် နိုင်ငံများ၏ ရဲတပ်ဖွဲ့များဆိုလျှင် ၎င်းတို့၏ပြည်သူများက ယုံကြည်စိတ်ချအားကိုးကြသည့် ရဲတပ်ဖွဲ့များ ဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းရဲတပ်ဖွဲ့များရှိလျှင် သူတို့အပေါ် မည်သည့်အန္တရာယ်မှ မကျရောက်နိုင်ဘူးဆိုသည်အထိ စိတ်ချလုံခြုံမှုပေးနိုင်သည့် နိုင်ငံများသည် အင်မတန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများဖြစ်နေသည်ကို တွေ့ရှိရ မည် ဖြစ်ကြောင်း။

မိမိတို့ရဲတပ်ဖွဲ့အတွင်းတွင်ရှိသည့် စိတ်နေစိတ်ထားများသည် မိမိတို့ လူ့အသိုင်းအဝိုင်း၏ စိတ်နေစိတ်ထားများကို ရောင်ပြန်ဟပ်ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်ပြီး စိတ်ဓာတ်များကို ပြုပြင်ပေးရမည်ဖြစ်ပါကြောင်း၊ ကိုယ်ကစပြီး ပြုပြင်ရမည်ဖြစ်ပါကြောင်း၊ မေတ္တာ၊ စေတနာ၊ ကရုဏာနှင့် ပြည်သူလူထု၏လုံခြုံရေးကို ဆောင်ရွက်နေခြင်းကို ပြည်သူကမြင်ပါက ကျေးဇူးတင် တန်ဖိုးထားကြမည်ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့က ဦးဆောင်ပြီး ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း။

လုပ်ငန်းတာဝန်များဆောင်ရွက်သည့်အခါ လိုအပ်သည့်အင်အားကိုပဲသုံးပြီး ကိုယ့်အလုပ်ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခြင်းသည် တစ်ကမ္ဘာလုံးက လက်ခံထားသည့် စံနှုန်းတစ်ခုဖြစ်ပါကြောင်း၊ လိုအပ်သည်ထက် ပိုသည့်

> **မိမိတို့ရဲတပ်ဖွဲ့အတွင်းတွင်ရှိသည့် စိတ်နေစိတ်ထားများသည် မိမိတို့ လူ့အသိုင်းအဝိုင်း၏ စိတ်နေစိတ်ထားများကို ရောင်ပြန်ဟပ်ပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်ပြီး စိတ်ဓာတ်များကို ပြုပြင်ပေးရမည်ဖြစ်ပါကြောင်း၊ ကိုယ်ကစပြီး ပြုပြင်ရမည်ဖြစ်ပါကြောင်း၊ မေတ္တာ၊ စေတနာ၊ ကရုဏာနှင့် ပြည်သူလူထု၏လုံခြုံရေးကို ဆောင်ရွက်နေခြင်းကို ပြည်သူကမြင်ပါက ကျေးဇူးတင်တန်ဖိုးထားကြမည်ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့က ဦးဆောင်ပြီး ဆောင်ရွက်ပေးရန် အရေးကြီး**

အင်အားသုံးခဲ့ပါက ပြဿနာရှိပါကြောင်း၊ ပြည်သူလူထု၏ လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်ပါကြောင်း၊ နောက်တစ်ခုမှာ မူးယစ်ဆေးဝါးအန္တရာယ် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးသည် လူသားများ၏ အကျင့်စာရိတ္တကို ပျက်စီးစေပါကြောင်း၊ မူးယစ်ဆေးဝါးသည် ရာဇဝတ်မှုများနှင့်လည်း ဆက်နွှယ်နေပါကြောင်း။

အရှေ့တိုင်းစကားတစ်ခုရှိပါကြောင်း၊ အဆိုးဆုံးအစိုးရသည် ပြည်သူက မုန်းတီးသည့်အစိုးရ၊ နည်းနည်းဆိုးသည့်အစိုးရက ပြည်သူကကြောက်သည့် အစိုးရ၊ နည်းနည်းကောင်းသည်က ပြည်သူက ချီးမွမ်းသည့်အစိုးရ၊ အကောင်းဆုံး အစိုးရဆိုသည်မှာ ပြည်သူလူထုက ရှိမှန်းတောင်မသိသည့် အစိုးရပင်ဖြစ်ပါကြောင်း၊ ပြည်သူလူထုဘဝ အေးချမ်းသာယာလုံခြုံအောင်၊ ပြည်သူကို အနှောင့်အယှက်မပေးဘဲ နောက်ကွယ်ကနေ ပြည်သူလူထုလုံခြုံချောမွေ့အောင် လုပ်ဆောင်ပေးသွားခြင်းမျိုးဖြစ်ပါကြောင်း။

**သတိပြုမိရန်လို**

ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လည်း ဒါကို သတိပြုမိရန်လိုပါကြောင်း၊ ကမ္ဘာကသတ်မှတ်ထားသည့် စံနှုန်းသည် ရဲတစ်ဦးသည် ပြည်သူလူထု လူ ၄၅၀ ခန့်ကို စောင့်ရှောက်နိုင်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရဲတစ်ဦးကို လူ ၁၀၀၀ ကျော်အထိ စောင့်ရှောက်နေရသည့် အခြေအနေဖြစ်ပါကြောင်း၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ အပြည့်အဝမထားနိုင်သည့် ပြဿနာရှိပါကြောင်း၊ ထို့ကြောင့် ခွဲ၊ လုံ့လ၊ ဝီရိယ ပိုမိုစိုက်ထုတ်လုပ်ကိုင်နေရမည် ဖြစ်ပါကြောင်း၊ ဒီကြားထဲတွင် ရခိုင်ပြည်နယ်ကို ပိုပြီးလုံခြုံရေး လိုအပ်ချက်အရ ပို့ထားရပါကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာသည်ဆိုသည့် အမြင်ပြောင်းလာသည်အထိ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်ပအန္တရာယ်နှင့်ပတ်သက်ပြီး လုံခြုံရေး၏ပထမဆုံးခံစစ်စည်းမှာ သံတမန်ရေးရာဖြစ်ပါကြောင်း၊ သံတမန်ရေးရာနှင့်ကာကွယ်ခြင်းသည် မည်သူ့ကိုမှ ပျက်စီးထိခိုက်မှုမရှိပါကြောင်း၊ ဒုတိယခံစစ်စည်းမှာ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါကြောင်း၊ နောက်ဆုံးတစ်ပိုင်းက စစ်ရေးစစ်ရာဖြစ်ပါကြောင်း၊ စစ်ရေးစစ်ရာ အထိ ရောက်လာပါက နှစ်ဖက်အထိအခိုက်အပျက်အစီးရှိမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဒုတိယခံစစ်စည်းဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုတံတိုင်း မခိုင်လုံသရွေ့ လုံခြုံရေးရဲတပ်ဖွဲ့များသည် သာမန်ထက်ပိုပြီး အားစိုက်ဆောင်ရွက်နေရမည်ပင်ဖြစ်ပါကြောင်း၊ လိုအပ်သည့်အချိန်တွင် နိုင်ငံကို ပံ့ပိုးပေးရခြင်းသည် အခွင့်အရေးတစ်ခုပဲဖြစ်ပါကြောင်း၊ နောင်တစ်ခေတ်တွင် ပြည်သူများ ရုန်းကန်စရာမလိုဘဲ မိမိတို့က ပိုမိုခွန်အားစိုက်ပြီး ဖြည့်ဆည်းပေးခဲ့ရမည် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ကုသိုလ်ပြုနိုင်သည့် အခွင့်အရေးလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ခြင်းက ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် အထူးကြိုးစားရမည်ဖြစ်ပါကြောင်း၊ ရဲတပ်ဖွဲ့သည် တပ်မတော်နှင့် သဘောသဘာဝ မတူပါကြောင်း၊ ပြည်သူနှင့် အနီးကပ်ဆက်ဆံသည့်နေရာတွင် နိစ္စဓူဝ ပြည်သူ၏လုံခြုံရေး၊ အေးချမ်းသာယာရေးကို အဓိက လုပ်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပင်ဖြစ်ပါကြောင်း၊ မိမိ၏တာဝန်သည် မည်မျှကြီးမားသည်ဆိုသည်ကို နှလုံးသွင်းပြီး တာဝန်ကို ကျေကျေပွန်ပွန် လုပ်ဆောင်စေလိုပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်စေလို**

အောင်မြင်ခြင်းတရား(၄)ပါးဖြစ်သည့် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့နှင့် ညီညွတ်အောင် အထူးကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် နိုင်ငံ အေးချမ်းသာယာရေးအတွက် နေ့စဉ်ဆောင်ရွက်ရသည့် ရဲတပ်ဖွဲ့ဝင်များသည် ဝီရိယ(၄)ပါး ဖြစ်သည့် စတင်လုပ်ဆောင်မည်ဟု ဆုံးဖြတ်ခြင်း၊ အမှန်တကယ် လုပ်ဆောင်ခြင်း၊ အခက်အခဲများ တွေ့ကြုံနေရသော်လည်း ဆက်လက်လုပ်ဆောင်ခြင်းတို့အပြင် အမြင့်ဆုံးဝီရိယဖြစ်သည့် ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ရသော်လည်း ရှုံးနိမ့်မှုများကို ကျော်လွှားပြီး အောင်မြင်အောင် ဆက်လက်လုပ်ဆောင်ခြင်းဆိုသည့် ဝီရိယများနှင့် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း။

ယနေ့ခေတ် နည်းပညာမြင့်မားရန် အလွန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နည်းပညာတိုးတက်လာရန် အရေးကြီးပါကြောင်း၊ ယင်းအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရဲတပ်ဖွဲ့ကို ပံ့ပိုးပေးနေပါကြောင်း၊ နိုင်ငံတော်၏လိုအပ်ချက်၊ ပြည်သူ၏လိုအပ်ချက်အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ တတ်နိုင်သမျှ ရဲတပ်ဖွဲ့ကို ပေးပါကြောင်း၊ အမှန်တကယ်လိုအပ်ချက်နှင့် မလုံလောက်သော်လည်း တတ်နိုင်သမျှ ပေးပါကြောင်း၊ နောက်လည်း ထပ်ပေးသွားရန်ရှိပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်ဘဏ္ဍာငွေဆိုသည်မှာ ပြည်သူကပေးထားသည့် ဘဏ္ဍာငွေဖြစ်ခြင်းကြောင့် ခွဲဝေရရှိသည့် ဘဏ္ဍာငွေများကို စိစစ်ပြီး ထိုက်ထိုက်တန်တန်သုံးစွဲရန် လိုအပ်ပါကြောင်း။ **စာမျက်နှာ ၅ သို့ ❍**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကြားနာမှုဆိုင်ရာအတွေ့အကြုံများနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းအား ထပ်မံထုတ်လွှင့်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၈
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် ၁၉-၁၂-၂၀၁၉ ရက်နေ့ နံနက် ၈ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၆ နာရီတို့တွင် ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၄ မှ

လုံခြုံရေးတပ်ဖွဲ့များသည် အခြားဝန်ထမ်းအဖွဲ့အစည်းများထက် ပြည်သူအပေါ် ဩဇာလွှမ်းမိုး သက်ရောက်မှု ရှိပါကြောင်း၊ သို့သော်လည်း ပြည်သူသည် ရဲများကို ကြောက်ရွံ့နေခြင်းမျိုးမဟုတ်ဘဲ အားကိုးတန်ဖိုးထားခြင်းမျိုး ဖြစ်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူများလုံလုံခြုံခြုံနေနိုင်အောင် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးအတွက် လုပ်ဆောင်နေသည်ဟု ပြည်သူကမြင်လာပြီဆိုလျှင် အောင်မြင်ပြီဟု ဆိုရမည်ဖြစ်ကြောင်း။

**တန်ဖိုးထား အသိအမှတ်ပြုရာရောက်**

အစိုးရဘက်မှ တတ်နိုင်သမျှ ပံ့ပိုးပေးရန်အတွက် ရဲတပ်ဖွဲ့၏အခက်အခဲကို သိရန်လိုအပ်ပါကြောင်း၊ ယခုဆိုလျှင် ပြည်တွင်းငြိမ်းချမ်းရေးမရှိသည့်နေရာများတွင်၊ ရခိုင်ဘက်တွင် ရဲတပ်ဖွဲ့ဝင်များကျဆုံးမှု၊ ထိခိုက်မှုများရှိပါကြောင်း၊ ယခုလိုကျဆုံးထိခိုက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များကိုလည်း ပံ့ပိုးတာဝန်ယူပေးရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျန်ရစ်သူမိသားစုများကို နိုင်ငံတော်က စောင့်ရှောက်ခြင်းအားဖြင့် နိုင်ငံအတွက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရင်း အသက်ကိုယ်ခန္ဓာစွန့်လွှတ်ခဲ့တာကို တန်ဖိုးထား အသိအမှတ်ပြုရာရောက်ပါကြောင်း။

ရဲတပ်ဖွဲ့ဝင်များ ရွေးချယ်သည့်နေရာတွင် စိတ်ပိုင်းဆိုင်ရာစိစစ်သည်ဟု သိရပါကြောင်း၊ ထိုသို့ စိတ်ပိုင်းဆိုင်ရာစိစစ်ရာတွင် ဩဇာအာဏာရှိသည့် လူတစ်ယောက်ဖြစ်သင့်သည့်စိတ်ဓာတ်ဟုတ်လား၊ ဩဇာရှိသည့်အတွက်၊ လုပ်ပိုင်ခွင့်ရှိသည့်အတွက် အလွဲစဉ်းစားလုပ်မည့်လူမျိုးလားဆိုသည်ကို စိစစ်ရန် အဓိကဖြစ်ပါကြောင်း၊ စိတ်ဓာတ်ခိုင်မာရန်အတွက် အန္တရာယ်များ ရင်ဆိုင်ရာတွင် ခံနိုင်ရည် ရှိ၊ မရှိ စိစစ်ရန်ဖြစ်ပါကြောင်း၊ ခံနိုင်ရည်ဆိုသည်မှာ ဆင်းရဲဒဏ်ခံနိုင်သည့် အရည်အချင်းအပြင် ချမ်းသာဒဏ်ခံနိုင်သည့် အရည်အချင်းရှိရဲ့လား၊ ချမ်းသာဒဏ်ဆိုသည်မှာ လာဘ်ပေးလာဘ်ယူတင်မက ၎င်း၏ရာထူး၊ ၎င်း၏ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ခြင်း၊ ရာထူးအပေါ် မွေ့လျော်သွားခြင်းသည်လည်း ချမ်းသာဒဏ် မခံနိုင်ခြင်းပဲဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများ ဆိုသည်မှာ လက်ရှိရာထူးကို ထမ်းဆောင်နေစဉ်မှာပဲ လုပ်ပိုင်ခွင့်ရှိပါကြောင်း၊ မိမိထမ်းဆောင်ရမည့်တာဝန်ကြောင့် ပေးထားသည့်အခွင့်အရေး၊ မိမိ၏ ရာထူး ဖြစ်ပါကြောင်း၊ တစ်သက်တာပေးထားခြင်းမဟုတ်ပါကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းများ ဆင်းရဲ၊ ချမ်းသာဒဏ်နှစ်ခုကို ခံနိုင်ရန် အထူးအရေးကြီးပါကြောင်း။

**တစ်သားတည်းရှိနေစေလို**

ယနေ့ခေတ်တွင် လုပ်ဆောင်ချက်များသည် နောင်ခေတ်အဆက်ဆက်အတွက် အမွေအနှစ်အဖြစ် ကျန်ခဲ့မည်ဖြစ်ပါကြောင်း၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံသည် ကိုယ့်သမိုင်းတွင် ဂုဏ်ယူစရာအချက်များရှိခဲ့လျှင် ပိုပြီးအင်အားရှိပါကြောင်း၊ နောင်လာနောက်သားများအတွက် ပိုပြီးတန်ဖိုးရှိသည့်အမွေအနှစ်များ ထားပစ်ခဲ့ရန် အရေးကြီးပါကြောင်း၊ နောက်တစ်ခုမှာ ရဲတပ်ဖွဲ့၏ လိုအပ်ချက်များကို ရဲတပ်ဖွဲ့ဝင်များ အသိဆုံးပဲဖြစ်ပါကြောင်း၊ အစိုးရက မည်သည့်အရာများ ပံ့ပိုးပေးရမည်ဆိုသည်ကို တင်ပြစေလိုချင်ပါကြောင်း၊ ယခုတွေ့ဆုံပွဲကို တက်ရောက်လာကြသူများသည် ရဲတပ်ဖွဲ့မှ ရာထူးတာဝန် အကြီးမားဆုံးပုဂ္ဂိုလ်များဖြစ်သည့်အတွက် လက်အောက်က ကိုယ့်ကို မှန်မှန်ကန်ကန်တင်ပြရဲအောင် ရဲတပ်ဖွဲ့ဝင်များနှင့် တစ်သားတည်းရှိနေစေလိုပါကြောင်း။

**မိမိတို့တာဝန်များကို ကျေပွန်ကြစေလို**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံအပေါ် သစ္စာစောင့်သိရာတွင် ပြည်သူ၊ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၊ မိမိ၏အဖွဲ့အစည်းတို့ကို သစ္စာစောင့်သိခြင်းတို့ဖြင့် မိမိတို့တာဝန်များကို ကျေပွန်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် ရင်းရင်းနှီးနှီး နေ့လယ်စာအတူ သုံးဆောင်ကြသည်။

သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

ဗီယက်နမ် တပ်မတော်စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Gaing ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၃၀)မြောက် အမျိုးသားကာကွယ်ရေးနေ့နှင့် (၇၅) နှစ်မြောက် ဗီယက်နမ် ပြည်သူ့တပ်မတော် တည်ထောင်သည့်နေ့ အခမ်းအနားများသို့ တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Lieutenant General Ngo Minh Tien၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးဒေါ်ဝင်းစန္ဒာဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်အောင်ဇေယျနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Lieutenant General Ngo Minh Tien၊ ဗီယက်နမ်နိုင်ငံဆိုင်ရာမြန်မာသံရုံးမှ သံမှူးဒေါ်ဝင်းစန္ဒာဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်အောင်ဇေယျနှင့် တာဝန်ရှိသူများက နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဟန္နိုင်းမြို့ရှိ အမှတ် (၁)တပ်မကြီး၊ အမှတ်(၃၀၈) တပ်မကွပ်ကဲမှုအောက် အမှတ် (၁၀၂) ယန္တရားတင်ခြေလျင်တပ်ရင်းကြီး (102nd Mechanized Infantry Regiment) သို့ သွားရောက်လေ့လာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ယန္တရားတင်ခြေလျင်တပ်ရင်းကြီး ဧည့်ခန်းမ၌ တပ်ရင်းမှူးက တပ်ရင်းကြီး၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အမှတ် (၃၀၈) တပ်မ တပ်မမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တပ်ရင်းကြီးရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား လေ့လာကြည့်ရှုကြရာ တပ်မမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ဗီယက်နမ်တပ်မတော်အနေဖြင့် တပ်ဖွဲ့ဝင်များနှင့်တပ်မိသားစုများ စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပိုလျှံသည်များကို ပြည်သူလူထုသို့ ရောင်းချပေးလျက်ရှိကြောင်းကိုလည်း သိရှိရသည်။ ထို့နောက်တပ်ရင်းကြီး၌အသုံးပြုလျက်ရှိသော တိုက်ယာဉ်ယန္တရားများကို လှည့်လည်ကြည့်ရှုလေ့လာကြရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ရင်း၏ လေ့ကျင့်ရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်မေးမြန်းရာ တပ်မမှူးနှင့်တပ်ရင်းမှူးတို့က အပတ်စဉ်လေ့ကျင့်မှု၊ တပ်ရင်းအလိုက် လေ့ကျင့်မှုနှင့်တိုက်ပွဲဝင်အသင့်လေ့ကျင့်မှုများအား ရှင်းလင်းတင်ပြကြသည်။

**စတင်ဖွဲ့စည်း**

အမှတ်(၁၀၂) ယန္တရားတင် ခြေလျင်တပ်ရင်းကြီးကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် မျိုးချစ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူအင်အား ၂၀၀၀ ခန့်ဖြင့် ဟန္နိုင်းမြို့တော် Hoan Kiem ခရိုင်ရှိ To Nhu ပြဇာတ်ရုံအနီး၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး တပ်ရင်းကြီး၏ ပထမဆုံးအမည်မှာ Regiment United Area (Interregional Regiment) ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် စစ်ဘက်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များအရ ဟန္နိုင်းမြို့တော်၏ တပ်ရင်းကြီးအဖြစ် ပြောင်းလဲခဲ့ကြောင်း၊ ပြင်သစ်တို့နှင့်တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် တပ်ရင်းကြီးသည် မဟာဗျူဟာတစ်ရပ်အဖြစ် စစ်ဘေးရှောင်ပြည်သူ ၃၈၀၀၀ ခန့်အား အောင်မြင်စွာကယ်ဆယ်စောင့်ရှောက်နိုင်ခဲ့ကြောင်း၊ ယင်းသို့ လွတ်မြောက်နယ်မြေသို့ အောင်မြင်စွာ ကယ်ဆယ်ပေးနိုင်ခဲ့သည့်အပြင် နောက်မှ ထက်ကြပ်လိုက်ပါလာသည့် ပြင်သစ်တပ်ဖွဲ့များအား ပြန်လည်တိုက်ခိုက်နိုင်ခဲ့သည့်အတွက် အမှတ်(၁၀၂)တပ်ရင်းကြီးသည် Regiment of the Capital အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ အမှတ်(၁၀၂)တပ်ရင်းကြီးသည် ပြင်သစ်ကိုလိုနီများအား တော်လှန်သည့်ကာလအတွင်း ဒိန်ဗင်ဖူးခံတပ်တိုက်ပွဲအပါအဝင် တိုက်ပွဲကြီး ၁၃ ခုနှင့် အမေရိကန်ခုခံကာကွယ်ရေးစစ်ပွဲတွင် တိုက်ပွဲကြီး သုံးခုတို့အား ဆင်နွှဲခဲ့ကြောင်းနှင့် ၁၉၇၉ ခုနှစ်တွင် အမှတ်(၁၀၂)တပ်ရင်းကြီးအား ယန္တရားတင်ခြေလျင်တပ်ရင်းကြီးအဖြစ် ပြောင်းလဲခဲ့ပြီး သံချပ်ကာလူသယ်ယာဉ်များဖြင့် ဖွဲ့စည်းထားရှိကာ ခြေလျင်တပ်များ၏ ပစ်ခတ်တိုက်ခိုက်မှု ပိုမိုထိရောက်မှုရှိစေရေးအတွက် အထောက်အကူပေးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်





ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

* ကျောဖုံးမှ

သတ်မှတ်ခဲ့ပြီး နိုင်ငံအလိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားများကို ယခုနှစ် အပါအဝင် (၈) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**ပိုမိုတိုးမြင့်လာ**

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေပြောင်းလဲလာမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မတူညီမှု၊ လုပ်အားခန္နန်းများ ကွာခြားမှု၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိလိုမှု၊ ရာသီဥတုပြောင်းလဲလာမှုနှင့် နည်းပညာများလျင်မြန်စွာ တိုးတက်လာမှုတို့ကြောင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိလာမှုစသည့် အကြောင်းရင်းများကြောင့် နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်လျက်ရှိပါကြောင်း။

၂၀၁၃ ခုနှစ် စာရင်းအရ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားဦးရေ သန်း ၁၅၀ ခန့်ရှိပြီး ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူ ခန့်မှန်းဦးရေ ၂၇၂ သန်းရှိကြောင်း သိရှိရသည့်အတွက် ရွှေ့ပြောင်းအလုပ်သမားအရေအတွက် ပိုမိုတိုးမြင့်လာသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့၏ ဆောင်ပုဒ်မှာ **"လူမှုစီးပွားကောင်းစေဖို့ ကောင်းစွာစီမံရွှေ့ပြောင်းစို့ (Migration and Social Cohesion)"** ဖြစ်ပြီး ရွှေ့ပြောင်းသွားလာခြင်းမှ လူမှုရေးဆိုင်ရာ ပေါင်းစည်းညီညွတ်မှုဖြစ်စေရန်၊ တစ်ဦးတစ်ယောက်ချင်းစီ၏ ပူးပေါင်းဆောင်ရွက်မှုမှ လူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးများဖြစ်စေရန်၊ အားလုံးကောင်းကျိုးအတွက် အတူတကွလုပ်ဆောင်ရန်၊ ဖယ်ထုတ်ထားခြင်းများမရှိရန်နှင့် ယုံကြည်မှုများ တိုးမြှင့်ရန်စသည်တို့ကို ရရှိရန်လိုအပ်ပါကြောင်း။

**အထောက်အကူဖြစ်စေ**

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းမှ လူမှုစီးပွားဘဝတိုးတက်စေခြင်း၊ အတွေ့အကြုံဗဟုသုတရရှိစေခြင်း၊ သင့်တင့်သည့် ဝင်ငွေရရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ မိသားစုလွှဲပို့ငွေမှတစ်ဆင့် နိုင်ငံတော်၏ GDP မြင့်တက်စေခြင်း၊ နိုင်ငံအတွက် ဝင်ငွေခွန်များရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သဖြင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် Social Cohesion အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါကြောင်း။

ဘေးကင်းလုံခြုံပြီးစနစ်ကျသည့် တရားဝင်လုပ်သားရွှေ့ပြောင်းသွားလာခြင်း မြှင့်တင်ရန်၊ ပုံမှန်မဟုတ်သည့် လမ်းကြောင်းများမှ ရွှေ့ပြောင်းသွားလာမှုကို လျှော့ချရန်နှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးဖြစ်စေသည့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဖြစ်ရန် စသည်တို့အတွက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းကို စနစ်တကျစီမံခန့်ခွဲခြင်းသည် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း။

ပုံမှန်မဟုတ်သည့် လမ်းကြောင်းများမှ တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မည်ဆိုလျှင် အန္တရာယ်များသည့် လုပ်ငန်းခွင်အခြေအနေ ကြုံတွေ့ရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ အခွင့်အရေးများ ချိုးဖောက်ခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ အဓမ္မခိုင်းစေခံရခြင်း၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရှာဖွေရန် အခက်အခဲများရှိခြင်းနှင့် လုပ်ခနည်းပါးခြင်း စသည်တို့ကို ကြုံတွေ့နိုင်ပါကြောင်း။

ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံနှစ်ခုလုံးအတွက် အကျိုးရှိစေသည့်အတွက် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရေးသည် အရေးကြီးသကဲ့သို့ ဂုဏ်သိက္ခာရှိစွာ လူမှုကာကွယ်စောင့်ရှောက်မှုများ ရရှိခံစားနိုင်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ အကျိုးကျေးဇူးများရရှိစေရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာတွင် ကုလသမဂ္ဂအထွေထွေညီလာခံက တရားဝင်အတည်ပြုချမှတ်ခဲ့သည့် **ဘေးကင်းလုံခြုံ၍ စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (Global Compact for Safe, Orderly and Regular Migration)** အတည်ပြုချမှတ်ရာတွင် အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

**အကျိုးကျေးဇူးများ ရရှိစေနိုင်**

ဘေးကင်းလုံခြုံပြီး စနစ်ကျသည့် တရားဝင်ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်သည် ဥပဒေအရ စည်းနှောင်မှုမရှိဘဲ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားသည့် သဘောတူညီမှုတစ်ရပ်ဖြစ်ပြီး အလုပ်သမားစေလွှတ်သည့် နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအတွက် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားများနှင့် ကလေးများသည် စိန်ခေါ်မှုများစွာ ကြုံတွေ့နေကြရပြီး ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရရန် အလားအလာအများဆုံးရှိသူများဖြစ်ကြသဖြင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် မမေ့မလျော့ အလေးထားဆောင်ရွက်ကြရန်လိုပါကြောင်း။

**လုပ်ဆောင်ရန် လိုအပ်**

ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၃၀ ပြည့်နှစ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် ချိတ်ဆက်နေစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မူဝါဒများ၏ ထိရောက်မှုနှင့် အောင်မြင်မှု ရှိ/မရှိကို ပြန်လည်သုံးသပ်ပြီး ပိုမိုလက်တွေ့ကျသည့် မူဝါဒဖြစ်ရန် ဆက်လက်ပြင်ဆင်ဖြည့်စွက်ခြင်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

အရှေ့တောင်အာရှအတွင်းရှိ ရွှေ့ပြောင်းသွားလာသူများ၏ ဘဝများသည် ကြွေးမြီများနှင့် ချည်နှောင်ခံနေကြရပြီး ၎င်းတို့ရှာဖွေရရှိသည့် ငွေကြေးများအား ကြွေးမြီပြန်ဆပ်ရန် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုသို့ ကြွေးမြီချည်နှောင်ခံရမှုကြောင့် ဘဝရှေ့ရေးထိခိုက်စေပြီး ရေရှည်တည်တံ့သည့် မိသားစုပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် များစွာသော စိန်ခေါ်မှုများ ဖြစ်ပေါ်စေပြီး ကြွေးမြီချည်နှောင်ခံရခြင်း မရှိပါက ကောင်းမွန်သည့် အသိုက်အဝန်းတစ်ရပ် ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း။

**လွန်စွာအရေးကြီး**

ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများသည် နိုင်ငံ၏ GDP အတွက် အရေးပါသည့် အရင်းအမြစ်များဖြစ်၍ မိသားစုလွှဲပို့ငွေများကို စနစ်တကျစီမံခန့်ခွဲပြီး လုံခြုံစိတ်ချရသည့် လမ်းကြောင်းမှတစ်ဆင့် လျင်မြန်ချောမွေ့စွာ လွှဲပြောင်းပေးပို့နိုင်ရန် လွန်စွာအရေးကြီးပါကြောင်း။

"ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး"ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က မကြာသေးမီက ထုတ်ပြန်ခဲ့သည့်အတွက် နောင်လာမည့် ကာလများတွင် မိသားစုလွှဲပို့ငွေများကို ပိုမိုချောမွေ့စွာ လွှဲပို့နိုင်မည်ဖြစ်ပါကြောင်း။

**"ရွှေ့ပြောင်းအလုပ်သမားများ ကုန်ကျစရိတ်သက်သက်သာသာနှင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရန် အလေးထားဖော်ဆောင်ပေးရမည်"** ဖြစ်သကဲ့သို့ အလုပ်ရှင်အချို့က **ဝန်ဆောင်စရိတ် အခမဲ့ (Zero Cost)** ဖြင့် ဆောင်ရွက်ပေးနေခြင်းများ ရှိသကဲ့သို့ အစိုးရအနေဖြင့်လည်း အလုပ်ရှင်များအား နောင်တွင် ဝန်ဆောင်စရိတ်အခမဲ့ဖြင့် တိုးမြှင့်ခေါ်ယူစေရေး တွန်းအားပေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် ဂုဏ်သိက္ခာရှိစွာ အပြည်ပြည်ဆိုင်ရာ လုပ်သားစုဆောင်းသည့်စနစ် ပေါ်ထွက်လာစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအတွင်းမှာရှိသည့် လုပ်သားစုဆောင်း ပို့ဆောင်ပေးသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် လုပ်သားစုဆောင်းရာတွင် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ကောင်းမွန်သည့်စီမံခန့်ခွဲမှုဖြစ်စေရန်၊ စေလွှတ်ထားသည့် လုပ်သားများ၏ အချက်အလက်များ စနစ်တကျပြုစုထားရှိရန်နှင့် ကောင်းမွန်သည့် အလေ့အထကောင်းများ ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ရွှေ့ပြောင်း အလုပ်သမားများသည် ကောင်းမွန်သည့် လူမှုအသိုက်အဝန်းဖြစ်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသူများဖြစ်သည့်အတွက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်း၏ ကောင်းကျိုးများ တိုးမြှင့်ရရှိရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် လူ့ဘောင်တစ်ရပ်လုံး ကောင်းမွန်စွာ ရပ်တည်နေထိုင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအားလုံး သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များ ရရှိခံစားပြီး ကျန်းမာပျော်ရွှင်စွာ တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးတို့က စီမံဆောင်ရွက်ပေးနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားအစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်ပြခန်းများ၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုသည်။

**မှတ်တမ်းဓာတ်ပုံများအား ဗီဒီယိုဖြင့် ပြသ**

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ "ရွှေ့ပြောင်းသွားလာခြင်း၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုမြှင့်တင်ရန်နှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်" အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် **"ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း"**၏ ကူညီပံ့ပိုးပေးမှုများနှင့်စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများအား ဗီဒီယိုဖြင့် ပြသသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် **"ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း"**၏ Chief of Mission ဖြစ်သူ Mr. Akio Nakayama က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်တို့က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ကို ပူးပေါင်း ပါဝင်ကူညီပေးခဲ့သည့် မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ၊ ဘန်ကောက်အခြေစိုက် ရွှေ့ပြောင်းအလုပ်သမားကွန်ရက်၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် အလုပ်သမားဟာစ်တိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါ ရောင်းချပွဲသို့ နေ့စဉ်အခမဲ့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့်ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၂၃ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇ – ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း ၀၆၇– ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယညစာစားပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**❍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ** ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များ၊ ခရစ်ယာန်အသင်းတော်များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဇေဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာအေးမင်းက ပဏာမဆုတောင်းပေးသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ဇေဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဒေါက်တာမောရစ်လျှံနာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ် စတီဖင်သန်းမြင့်ဦးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် မေတ္တာပို့ဆုတောင်းပေးသည်။

**သမ္မာကျမ်းစာများကို ဖတ်ကြား**

ထို့နောက် မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် သိက္ခာတော်ရ ဆရာဦးနိုနို၊ မြန်မာနိုင်ငံ ဇေဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ သိက္ခာတော်ရ ဆရာဦးမျိုးဝင်းနှင့် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ Father, Lucus Suan Za Lian တို့က သမ္မာကျမ်းစာများကို ဖတ်ကြားကြသည်။

ယင်းနောက် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ လက်ထောက်ဆရာတော်ကြီး ဆရာတော် ဂျွန်စောယောဟန်က ခရစ္စမတ်ဒေသနာကို ဟောကြားပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာမန်းပါမာစတန်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများကိုယ်စား မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ ဆရာတော် ဂျွန်မန်းဆိန်းဟီက ခရစ္စမတ်လက်ဆောင်ပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများအား ခရစ္စမတ်လက်ဆောင်ပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်းက ကျေးဇူးတော်ချီးမွမ်းဆုတောင်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက "ယေရှုကြွလာတော်မူကျူး" ဓမ္မတေးသီချင်းကို သီဆိုချီးမွမ်းကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဦးအောင်သက်ညွန့်၏ ကောင်းချီးပေးခြင်းအားဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မိတ်သဟာယညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဆရာတော် ဂျွန်မန်းဆိန်းဟီက ခရစ္စမတ်လက်ဆောင်ပေးအပ်စဉ်။

# ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan (BAJ) တို့အကြား ချုပ်ဆိုသည့် ကရင်ပြည်နယ် ဘားအံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း လုပ်ငန်းအကောင်အထည်ဖော်မှု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အမှာစကားပြောကြားပြီး BAJ မှ ဌာနေကိုယ်စားလှယ် Ms. Akiko Mori က နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် BAJ မှ ဌာနေကိုယ်စားလှယ် Ms. Akiko Mori တို့က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် BAJ တို့ ပူးပေါင်း၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ခြောက်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ဝ၂ သန်းဖြင့် ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းကာလသည် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ သုညဒသမ ၇၄ သန်းဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံစာရေးဆရာအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၈၁ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိပြီး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သို့ပါ၍ အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# သွားနှင့် ခံတွင်းကျန်းမာရေးပညာပေးပိုစတာ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) အလုပ်သင်ဆရာဝန်များ၏ ၂၀၁၉ ခုနှစ် သွားနှင့် ခံတွင်းကျန်းမာရေးပညာပေး ပိုစတာပြပွဲ၊ ပြိုင်ပွဲကို MEGA– SENSODYE Co., Ltd. ၏ ပူးပေါင်းပါဝင်မှုဖြင့် အဆိုပါတက္ကသိုလ် မျိုးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင်ပထမဆုရရှိသောအုပ်စု (၇)၊ ဒုတိယဆုရရှိသောအုပ်စု(၅)၊ နှစ်သိမ့်ဆုရရှိသောအုပ်စု(၃)၊ အုပ်စု(၄)၊ အုပ်စု(၈)နှင့် အုပ်စု (၂)တို့အား ပါမောက္ခချုပ်က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံရေးပါတီများ၏ ဆောင်ရွက်ချက်များကို တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိ


လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း


ဒုတိယဝန်ကြီး ဦးကျော်လင်း


မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်


တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း


လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး


တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာ နှစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **ရွှေလင်ဗန်းစက်မှုဇုန် ကနောင်မင်းသားကြီးလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမအား အများပြည်သူအသုံးပြုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဝန်ကြီးဌာနအနေဖြင့် ၎င်းအားကစားခန်းမအား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ရေရှည်ဆောင်ရွက်ရန် အခက်အခဲရှိခြင်း၊ ကျူးကျော်များဝင်ရောက်လာခြင်းမှ ကာကွယ်ရန် အချိန်ပြည့် ကြီးကြပ်နိုင်မှု မရှိခြင်းတို့ကြောင့် စက်မှုဇုန်လုပ်သားများ၊ ရပ်ကွက်နေပြည်သူများ အားကစားပြုလုပ်နိုင်ရန်နှင့် အများပြည်သူ အသုံးပြုနိုင်ရန်အတွက် အားကစားခန်းမနှင့် မြေနေရာအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး လွှဲပြောင်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရေးနှင့် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိစေရန် Laptop ကွန်ပျူတာများ IFES အဖွဲ့က ထပ်မံလှူဒါန်းရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **International Foundation for Electoral Systems (IFES)မှ ထောက်ပံ့မည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများတွင် မည်သည့် Software မှ ပါဝင်ခြင်းမရှိဘဲ သာမန်ကွန်ပျူတာဖြစ်သည်ကို အာမခံချက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြုစုရာတွင် အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရေးနှင့် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများ ရရှိစေရန် Laptop ကွန်ပျူတာများ လိုအပ်သည့်အတွက် ထပ်မံဖြည့်တင်း အစားထိုးရန်အတွက် IFES အဖွဲ့က ထပ်မံလှူဒါန်းရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊

IFES အဖွဲ့မှ လှူဒါန်းမည့် ကွန်ပျူတာများတွင် Microsoft Window Licenses, Microsoft Office Licenses နှင့် Antivirus Licenses အစရှိသည့် တရားဝင် လိုင်စင်ဖြင့် အသုံးပြုရသည့် သာမန်ရုံးလုပ်ငန်းကွန်ပျူတာစာစီစာရိုက်များနှင့် သက်ဆိုင်သည့် Software များပါဝင်ပြီး ရုံးလုပ်ငန်းနှင့်မသက်ဆိုင်သည့် အခြားလုံခြုံရေးကိုထိခိုက်စေသည့် Software များ မပါရှိပါကြောင်းကို တင်ပြအပ်ပါကြောင်း၊ ယင်းထိခိုက်စေသည့် Software များ မပါရှိရေးကိုလည်း မူလ Software များလက်ခံစဉ်ကပင် ကျွမ်းကျင်သူများနှင့် စစ်ဆေးလက်ခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Laptop, Computer များနှင့်ဆက်စပ်ပစ္စည်းများကို မဲစာရင်းပြုစုနေရာတွင် အသုံးပြုခြင်းမှအပ မဲရေတွက်သည့်စနစ်၊ မဲရလဒ်စုစည်းသည့် စနစ်၊ မဲရလဒ်ထုတ်ပြန်ကြေညာသည့် စနစ်များတွင် Electronic စနစ်ကို အသုံးပြုမည်မဟုတ်ပါကြောင်း၊ မဲရေတွက်သည့် စနစ်၊ မဲရလဒ်စုစည်းသည့်စနစ်၊ မဲရလဒ်ထုတ်ပြန်သည့်စနစ်များကို နည်းဥပဒေ၊ ဥပဒေများတွင် ဖော်ပြထားသည့်ပုံစံများကို ဖြည့်စွက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုံစံများတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ သက်သေများ၏လက်မှတ်များရေးထိုး၍ ဆောင်ရွက်မည်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့်ပုံစံမှ သွေဖည်သွားရန်မရှိပါကြောင်း၊ IFES နှင့်ကော်မရှင်သည် မည်သည့်နှောင်ကြိုးမှ မရှိကြောင်းကိုလည်း တင်ပြလိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ **ပါတီစုံ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ သတ်မှတ်ထားသော ဝန်ခံချက်များကို စောင့်ထိန်းလိုက်နာခြင်း ရှိ၊ မရှိကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီများအပေါ် စိစစ်နေခြင်း ရှိ၊ မရှိသိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေက ကော်မရှင်သည် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများ၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ထူးခြားဖြစ်စဉ်များ အပါအဝင် မိမိတို့နယ်မြေအတွင်းပြုလုပ်သည့် ပါတီလှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ တင်ပြရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အဆင့်ဆင့်သို့ညွှန်ကြားထားရှိပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က တင်ပြလာသည့် ပါတီများ၏လှုပ်ရှားဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားရှိပြီး ဝန်ခံချက်များအပေါ် လိုက်နာခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်ပါက သက်ဆိုင်ရာပါတီမှ တာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံခြင်း၊ အသိပေးဆွေးနွေးခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံတင်ထားခြင်းကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ယာယီရပ်ဆိုင်းထားသည့်ကာလအတွင်း လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်၍ ညွှန်ကြားခြင်းစသည်ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ ပါ ခံဝန်ချက်ကို လေးစားလိုက်နာရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီမှ တာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံ သတိပေးဆောင်ရွက်ခဲ့ရသည့် နိုင်ငံရေးပါတီ ၂ ပါတီရှိခဲ့ပြီး ပုဒ်မ ၆ ကိုစောင့်ထိန်းလိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ပုဒ်မ ၁၂ အရ ဖျက်သိမ်းခဲ့ရသည့် ပါတီမရှိသေးပါကြောင်း၊ ကော်မရှင်သည် နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ရှင်သန်တိုးတက်လာစေရေး၊ နိုင်ငံသားများအတွင်း ဒီမိုကရေစီအလေ့အကျင့်များ တိုးတက် လာစေရေးတို့အတွက် အဓိကအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေသော နိုင်ငံရေးပါတီများ၏ ဆောင်ရွက်ချက်များကို တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ **လူအများစုနေထိုင်ရာဖြစ်သော မြို့ပြကြီးများရှိ တိုက်ခန်းနေပြည်သူများ၏ ဘေးအန္တရာယ်ကင်းစေရေးအတွက် တိုက်ခန်းပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာအစိုးရဌာနများမှ ကွင်းဆင်းစစ်ဆေးရန်နှင့် ပြန်လည်တည်ဆောက်ရန်သင့်သော တိုက်ခန်းများအဖြစ် သက်ဆိုင်ရာမှ ဆုံးဖြတ်ပါက ပြည်သူများ၏ ဘဝနေထိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **ကျောက်ကြီးမြို့နယ် ပတ္တလားကျေးရွာအုပ်စု ထန်းပင်ကုန်းရွာမှထိပ်ပေါက်ရွာ အထိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်ကျောက်ချောလမ်းခင်းပေးပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လည်းကောင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်ဆိုင်ဟိန်း၏ **မြန်မာနိုင်ငံတွင် မကြာခင်ရောက်ရှိလာတော့မည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကာလအတွင်း လူမှုကွန်ရက်မီဒီယာ (Facebook) အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ ညှိနှိုင်းထိန်းကျောင်းပေးရန် အစီအစဉ်ရှိပါသလားနှင့် ကိုယ်စားလှယ်လောင်းများ၏ Facebook ပေါ်တွင် Boost လုပ်ပြီး နိုင်ငံရေးကြေညာအတွက် သုံးစွဲခဲ့သည့် ငွေကြေးပမာဏ တန်ဖိုးများသည် ရွေးကောက်ပွဲဆိုင်ရာ အသုံးစရိတ်ရှင်းတမ်း၌ ဖော်ရန် လို၊ မလိုနှင့် ရွေးကောက်ပွဲရက်နီးကပ်နေသော မဲမဆွယ်ရသည့်နေ့များ Silent Dayနှင့် ရွေးကောက်ပွဲရက် မဲမဆွယ်ရ ဇရိယာများတွင် Facebook အသုံးပြုပါက ရွေးကောက်ပွဲဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Facebook လူမှုကွန်ရက်စာမျက်နှာတွင် ၂၀၁၇ ခုနှစ်မှစတင်၍ အသုံးပြုခြင်းမရှိသည့်အပေါ် မည်သည့်အတွက်ကြောင့် သုံးစွဲခြင်းမရှိသည်ကို သိလိုခြင်း**မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦးတို့က ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦးက အဆင့်ဆင့်ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ ပညာရေးတွင် နောက်ကျမကျန်ခဲ့စေရန်အတွက် ကော်မတီအနေဖြင့် အမြဲတမ်း သုံးသပ်လေ့လာနေရမည်ဖြစ်ပြီး တာဝန်ရှိအဖွဲ့အစည်းများကို တွန်းအားပေးခြင်း၊ အကြံပြုထောက်ပြခြင်းနှင့် အစီရင်ခံစာ ရေးသားထုတ်ပြန်ခြင်းများ ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ပညာရေးစနစ် အကူးအပြောင်းလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် လွှတ်တော်၏ ထိန်းကျောင်းမှု ပိုမိုထိရောက်အောင်မြင်စေမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးစောကျော်ဝင်းမောင်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

## ပညာရေးမြှင့်တင်မှု ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောထားရယူ အတည်ပြု

ဆက်လက်၍ ကော်မတီဝင် ဦးသန်းအောင်က ယင်းနှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးမြင့်အောင်တို့က ဆွေးနွေးကြသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကော်မတီသည် အလွန်အရေးကြီးသည့် ကော်မတီဖြစ်ပါကြောင်း၊ မိမိတို့တိုင်းပြည်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး လုပ်ငန်းစဉ်များစွာ ရှိပါကြောင်း၊ ထင်ရှားသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ကော်မတီအနေဖြင့် သေချာလေ့လာသုံးသပ်ပြီး အကြံပြုချက်များကို ဝန်ကြီးဌာနသို့ တင်ပြရန် အစီရင်ခံစာများ ပြုစုရန်လိုအပ်သည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက ယင်းနှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထား ရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် ကော်မတီဝင် ဦးမြတ်လေးဦးက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်က ဆွေးနွေးသည်။

အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီအတွင်းရေးမှူး ဦးတင့်စိုးက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဦးတင့်စိုးက ယင်းနှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

# နိုင်ငံပိုင်မြေ၊ အဆောက်အအုံများကို လွှဲပြောင်းပေးသင့်သည်များကို လွှဲပြောင်းပေးရန် ဆောင်ရွက်ပေးလျက်ရှိ


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်


ဒုတိယဝန်ကြီး ဦးစိုးအောင်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဟောက်ဆင်ကျေးရွာအတွက် သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဟားခါးမြို့နယ်၊ ဟောက်ဆင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၂ သန်းဖြင့် ရေလှောင်ကန်ဂါလန် ၅၀၀၀ ဆံ့(၂)လုံး၊ ရေပိုက်သွယ်ယူခြင်း ပေ(၂၈၀၀)၊ Pump Engine ဝယ်ယူတပ်ဆင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

## လမ်းပိုင်းများ လမ်းတာချဲ့ဖောက်လုပ်ပေးခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းကွင်းဆင်းစိစစ်ရန် လိုအပ်

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆိုင်ကကျေးရွာအုပ်စု၊ ဆိုင်ကကျေးရွာနှင့် ရွာဘုတ်ကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း(၆)မိုင်နှင့် ရွာခွာကျေးရွာနှင့် ဆိုင်ကကျေးရွာကြား ကျေးရွာချင်းဆက်လမ်း (၈)မိုင်၊ ဆိုင်ဆီချောက်လမ်း၊ ဘုန်တလန်ကျေးရွာသစ်မှ ဘုန်တလန်ကျေးရွာဟောင်း (၂)မိုင်တို့အား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် လမ်းပိုင်းများ လမ်းတာချဲ့ဖောက်လုပ်ပေးခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူ


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်


ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်

များနှင့် ပူးပေါင်းကွင်းဆင်းစိစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်စီမံကိန်းအဆိုပြုလွှာပုံစံဖြင့် တင်ပြလာမည်ဆိုပါက ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ်၌ အရန်ရိက္ခာဆန် သိုလှောင်ရေးနှင့် ဖြန့်ဝေရေးကို မည်ကဲ့သို့ စီစဉ်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ပုံငွေဖြင့် ပြည်နယ်အတွင်း မြို့အလိုက်ဒေသဆန်များ ဝယ်ယူထောက်ပံ့ပေးခြင်း၊ UN/INGO/NGO များ၊ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လတ်တလောတွင် ရခိုင်ပြည်နယ်အတွင်း အရန်ရိက္ခာဆန် သီးသန့်အစီအစဉ်ဖြင့် သိုလှောင်ထားမှုမရှိသော်လည်း အရေးပေါ်လိုအပ်ပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရုံး၊ သိုလှောင်ရုံများတွင် ခေတ္တသိုလှောင်ထားရှိပြီး ထောက်ပံ့ပေးလျက်ရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးတွင် အစိုးရအဆက်ဆက် အသုံးပြုခဲ့သော လက်ရှိအသုံးပြုခြင်းမရှိတော့ဘဲ တဖြည်းဖြည်း ဟောင်းနွမ်းယိုယွင်း ပျက်စီးနေပြီဖြစ်သည့် အဆောက်အဦများတည်ရှိရာ ဝန်ကြီးဌာနပိုင်မြေများ၊ ကျေးရွာများရှိ စပါးဒိုင်အဆောက်အဦနှင့် မြေနေရာများအား မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများပြည်သူအကျိုးဖြစ်ထွန်းသော လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် မြို့ပြမြေရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက်လည်းကောင်း၊ မြို့စီမံခန့်ခွဲခွင့်ရ မြေနေရာများ(City Land)အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း**က ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ပြီး မိမိတို့အတွက် မလိုအပ်သည့်အရာများကို ပြန်လည်စွန့်လွှတ်ပေးရမည်ဖြစ်သော်လည်း မစွန့်လွှတ်နိုင်ခြင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ယခင်ကအသုံးပြုပြီး ယခုအသုံးမပြုတော့သည့် ဝန်ကြီးဌာနအသီးသီးအောက်တွင်ရှိသည့် မြေများ၊ အဆောက်အဦများသည် မြို့နှင့် ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ရှိနေဆဲပင်ဖြစ်ပါကြောင်း၊ ယင်းတို့ကို ပြန်လည်စိစစ်၍ နိုင်ငံအတွက်၊ မြို့ရွာအတွက် အကျိုးရှိအောင် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဦးကိုကိုနိုင်၏ အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်**က ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြပြီး လက်ရှိအသုံးပြုခြင်း မရှိတော့သည့် ဝန်ကြီးဌာနပိုင်မြေနေရာများနှင့် အဆောက်အဦများကို ပုဂ္ဂလိကသို့ ရောင်းချခြင်း၊ ငှားရမ်းခြင်းမပြုတော့ဘဲ ဒေသနှင့် ဒေသခံပြည်သူလူထုအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းနိုင်ပြီး လိုအပ်ချက်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

## အများအကျိုးအတွက် ပြည်သူများနှင့်အတူ ပေါင်းစပ်၍ နိုင်ငံဖွံ့ဖြိုးစေရန် ဆောင်ရွက်

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး**က မြန်မာနိုင်ငံရှိ မြို့၊ ရွာအနှံ့တွင် အကျိုးမဲ့ဖြစ်နေသည့် မြေယာ၊ အဆောက်အအုံ များပြားစွာရှိနေပါကြောင်း၊ ယင်းတို့ကို အများအကျိုးအတွက် ပြည်သူများနှင့်အတူ ပေါင်းစပ်၍ နိုင်ငံဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် မြို့၊ ရွာဒေသအနှံ့တွင် အကျိုးမဲ့ဖြစ်နေသည့် နိုင်ငံတော်ပိုင် အဆောက်အအုံများကို အစိုးရ၏ စီမံခန့်ခွဲမှုအရ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ အစိုးရအား တိုက်တွန်းကြောင်း အဆိုကို မိမိအနေဖြင့် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ရဲအောင်စော၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ၁၉၉၅ခုနှစ် ဇန်နဝါရီ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၁၉၉၅) ဖြင့်ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် မေ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၆)ဖြင့် အသစ်ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြလာသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ တင်ပြချက်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြချက်များကို သုံးသပ်ပြီး နိုင်ငံပိုင်မြေ၊ အဆောက်အအုံများကို လွှဲပြောင်းပေးသင့်သည်များကို လွှဲပြောင်းပေးရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုမှာ ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့် ကိုက်ညီမှုရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ မူဝါဒများ ထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်စေခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ဖွဲ့စည်း၍ ပုံမှန်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ် ထားရှိသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အဆိုရှင် ဦးကိုကိုနိုင်က အများပြည်သူအကျိုးစီးပွား ဖြစ်ထွန်းနိုင်မည့်လုပ်ငန်းများ အဆောတလျင် ဆောင်ရွက်နိုင်ရန်အတွက် အဆိုကို အတည်ပြုပေးနိုင်ရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၁၄ မဲ၊ ကန့်ကွက်မဲ ၅၇ မဲ၊ ကြားနေမဲ ၅ မဲဖြစ်သဖြင့် ထောက်ခံမဲများသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေး၍ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ရသစုံလင် စာဥယျာဉ် ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ “ရသစုံလင်စာဥယျာဉ် ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်”ကို နံနက် ၁၀ နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ကာတွန်းပညာရှင်များက အမှတ်တရကာတွန်းရေးဆွဲပေးခြင်း၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ စာကြည့်တိုက်မှူးများက စာဖတ်ပြခြင်း၊ ရောင်စုံစက္ကူများဖြင့်ဖန်တီးခြင်း၊ ဂျုံရုပ်ပညာရှင်များ၏ လက်မှုပညာဖန်တီးခြင်း၊ ပျော်ရွှင်ဖွယ်ရာ ပဟေဠိများအစီအစဉ်၊ ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးရန်နေရာများအပြင် စာအုပ်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်သည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် အနုပညာဦးစီးဌာနမှ ပညာရှင်များက မြန်မာ့ရုပ်သေးပွဲကို နေ့စဉ်နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၂ နာရီတို့တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် လာရောက်လည်ပတ်ကြည့်ရှုနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီဌာနမှ သိရသည်။

**ကျော်ဟိန်း(သတင်းစဉ်)**

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို
## မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေကြသည့် ဗီယက်နမ်နိုင်ငံကုမ္ပဏီများသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၈**
မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

### ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဧည့်သည်တော် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဩဝါဒါစရိယ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ အမှူးပြုသော ဆရာတော်များကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဆရာတော်များက ဗီယက်နမ်ဝန်ကြီးချုပ်အား မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေးအရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီတော်ပုံစံတူ ဓာတ်တော်စေတီအား လှူဒါန်းပြီး ဧည့်သည်တော်ဝန်ကြီးချုပ်က ဆရာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗီယက်နမ်ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ အလှူငွေများ ပေးအပ်လှူဒါန်းကာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံဘုရားလမ်းရှိ Telecom International Myanmar Co., Ltd.(Mytel)ရုံးချုပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဗီယက်နမ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား Mytel လုပ်ငန်းဆောင်ရွက်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသပြီး Mytel ဥက္ကဋ္ဌ ဦးခင်မောင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားကာ Mytel အမှုဆောင်အရာရှိချုပ်က ဆက်သွယ်ရေးနည်းပညာရပ်များဆိုင်ရာကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ယင်းနောက် Viettel Group နှင့် HD Bank တို့သည် MoU လက်မှတ်ရေးထိုးကြပြီး ဗီယက်နမ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ Mytel ရုံးချုပ်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ရွှေတိဂုံစေတီတော်ရှိ ကျောက်စိမ်းဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

ထိုမှတစ်ဆင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုသည် ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာပလာဇာသို့ရောက်ရှိပြီး THACO ရုံးခန်း၊ BIDV ရုံးခန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာကာ HD Bank ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။




ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် HD Bank မှ တာဝန်ရှိသူများက HD Bank မြန်မာရုံးခွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။

### လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ဦးဆောင်သည့်အဖွဲ့သည် မြန်မာပလာဇာ(၁၄)လွှာရှိ Yangon Myanmar Centre Complex သို့ရောက်ရှိရာ THACO Group ဥက္ကဋ္ဌ Mr. Tran Ba Duong က စီမံကိန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် Yangon Myanmar Centre Complex နှင့် THACO ရုံးခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာပလာဇာ (၉)လွှာရှိ BIDV ရန်ကုန်ဘဏ်ခွဲသို့ရောက်ရှိပြီး ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ BIDV ရုံးချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Dang Hai Nha က ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Melia ဟိုတယ်သို့ ရောက်ရှိပြီး မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့နှင့်တွေ့ဆုံကာ နှစ်နိုင်ငံ အသင်းနှစ်သင်းပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့ကို ဆွေးနွေးကာ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

### တက်ရောက်

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Melia ဟိုတယ် Inya Ballroom ခန်းမ၌ ကျင်းပသည့် HD ဘဏ် မြန်မာရုံးခွဲဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံမှ တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားကြပြီး ဗီယက်နမ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် HD Bank မှ တာဝန်ရှိသူများက HD Bank မြန်မာရုံးခွဲကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### ပထမဆုံးရုံးခွဲဖွင့်လှစ်

HD Bank သည် ဗီယက်နမ်နိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယခုမြန်မာနိုင်ငံ၌ ပထမဆုံးရုံးခွဲအဖြစ် လာရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် Melia ဟိုတယ် Function 6 ၌ တွေ့ဆုံပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးကာ အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး ဒေါက်တာ လုသွီဗွန်း၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**မြန်မာ့ပင်လယ်ပြင် အခြေအနေ**
နေပြည်တော် ဒီဇင်ဘာ ၁၈

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။
**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုဏ်ခရီးစဉ်နှင့် ပတ်သက်သည့်သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ဦးဆောင်သည့် ဗီယက်နမ် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပါသည်။

၂။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၊ ညနေပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၊ နံနက် (၉) နာရီတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့ပါသည်။ ဂုဏ်ပြုအခမ်းအနားပြီးနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဧည့်သည်တော်ဗီယက်နမ်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်ဖက်ခေါင်းဆောင်များက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန် လည်ပတ်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှုနှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရေရှည်ခိုင်မာစေရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

၃။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်တို့ ဦးဆောင်သည့် နှစ်နိုင်ငံတွေ့ဆုံပွဲကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြပါသည်။ နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်ဖက်ခေါင်းဆောင်များက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတ ဟိုချီမင်းတို့လက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး ခေတ်အဆက်ဆက် ခေါင်းဆောင်များနှင့် ပြည်သူများက ပြုစုပျိုးထောင်ခဲ့ကြသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ခဲ့ပြီးနောက် မကြာသေးမီနှစ်များအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည့် တိုးတက်မှုရလဒ်များ အထူးသဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ဘက်ပေါင်းစုံ ပွင့်လန်းလာစေရန် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့သည့်ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

၄။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအားလုံးတွင် ပိုမိုထိရောက်စေရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍ၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာ အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်ခြင်း (၄၅)နှစ်ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေး၊ အာဆီယံ၊ ကုလသမဂ္ဂ၊ အေဆမ်၊ မဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီပေးရေးကိစ္စများ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၅။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၂၀၁၈ ခုနှစ် ကုန်သွယ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်တွင် (၁၁.၆၁%) ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နဝမအဆင့် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး သတ္တမအဆင့် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံ အဖြစ်ရပ်တည်လျက်ရှိရာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက သဘောတူညီခဲ့သည်။

၆။ ထို့အပြင် နှစ်နိုင်ငံအကြား အစိုးရအဆင့်၊ လွှတ်တော်အဆင့်၊ ပါတီအဆင့်နှင့် ပြည်သူများအကြား အထူးသဖြင့် လူငယ်များအကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုများ ပိုမိုခိုင်မာလာမည်ဖြစ်သည်ကို ယုံကြည်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက အလေးထားပြောကြားခဲ့သည်။

၇။ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်မှုများကို ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသည်လည်း ဗီယက်နမ်နိုင်ငံ၏ အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုရလဒ်များ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှုများအပေါ် လေးစားချီးကျူးကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗီယက်နမ်နိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် အတွေ့အကြုံများ မျှဝေပေးမှုကို အသိအမှတ်ပြုကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ပြီး အာဆီယံ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းကတိပြုခဲ့ကြသည်။

၈။ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လုပ်ငန်းစီမံချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ မြန်မာနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့အကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်စွမ်းကူအုံတို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၄) နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဗီယက်နမ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာ ဒန့်မင်းခိုးအီးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် နှစ်နိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ကို (၁၄) ရက်မှ (၃၀) ရက်အထိ တိုးမြှင့်သည့် သံတမန်စာကို လဲလှယ်ခဲ့ကြသည်။

၉။ လက်မှတ်ရေးထိုးပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ကြပါသည်။

၁၀။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီးတို့မှ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုအား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ခေါင်းဆောင်နှစ်ဦးလုံးမှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန်ပြောကြားရာ၌ နှစ်နိုင်ငံအနေဖြင့် တူညီသည့် သမိုင်းကြောင်းအတွေ့အကြုံများ ဖြတ်သန်းခဲ့ရကြောင်း၊ အစဉ်အဆက် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ကြောင်းနှင့် နှစ်ဖက်ဘုံအကျိုးစီးပွားအတွက် တူညီသည့်မျှော်မှန်းချက်ဖြင့် ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။

၁၁။ ယင်းနေ့မွန်းလွဲပိုင်းတွင် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုသည် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၁၂။ ညနေ ၁၆၀၀ နာရီတွင် ဗီယက်နမ်ဝန်ကြီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ပါသည်။ ညနေပိုင်းတွင် ဗီယက်နမ်ဝန်ကြီးချုပ် ဦးဆောင်သည့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ဗီယက်နမ်သံရုံးသို့ သွားရောက်၍ သံရုံးဝန်ထမ်းများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ဗီယက်နမ် အသိုက်အဝန်းတို့အား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

၁၃။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့၊ နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ခဲ့သည်။ ထို့မှတစ်ဆင့် ဧည့်သည်တော်ဗီယက်နမ်ဝန်ကြီးချုပ်သည် မြန်မာပလာဇာတွင် ဖွင့်လှစ်ထားရှိသည့် Mytel၊ THACO၊ BIDV နှင့် SHB ကုမ္ပဏီများသို့ သွားရောက်ခဲ့သည်။ ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဝန်ကြီးချုပ်သည် Melia ဟိုတယ်၌ မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းနှင့် တွေ့ဆုံခဲ့ပြီး HD Bank ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား လက်ခံတွေ့ဆုံခဲ့သည်။

၁၄။ ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ဟနွိုင်းမြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

၁၅။ ခရီးစဉ်အပြီးတွင် ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ၊ အထူးသဖြင့် နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ဥပဒေနှင့်တရားစီရင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အားကစားကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ e-government စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် အပြန်အလှန် လေ့လာရေးခရီးစဉ်များ တိုးမြှင့်စီစဉ်ရေးအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။

၁၆။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖု၏ မြန်မာနိုင်ငံခရီးစဉ်သည် ၎င်းဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ နောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်ခဲ့သည့် သမိုင်းဝင်ခရီးစဉ်ဖြစ်သည်။ ယခုခရီးစဉ်သည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလနောက်ပိုင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့်ခရီးစဉ်ဖြစ်ပါသည်။ ခရီးစဉ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၄) နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေခဲ့သကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်နိုင်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်။**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဩစတြီးယားနိုင်ငံ OeSD မှ Senior Government Program Manager အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဩစတြီးယားနိုင်ငံ OeSD ကုမ္ပဏီမှ Senior Government Program Manager, Mr. FAUL Wilhelm Martin နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနှင့် ဩစတြီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ e-ID စနစ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ OeSD တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ OeSD မှ မြန်မာနိုင်ငံ၏ Unique ID ကောက်ယူနိုင်ရေးလုပ်ငန်းများ အချိန်ကိုက်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲဆောင်ရွက်မှုအခြေအနေ၊ MoU လက်မှတ်ရေးထိုးပြီးသည်နှင့် စီမံချက်ပါလုပ်ငန်းများ အမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် လုပ်ငန်းအစီအစဉ်များ၊ e-ID စနစ်လုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုများ၊ အိန္ဒိယနိုင်ငံ၌ e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပညာရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းအတွေ့အကြုံများ မျှဝေ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ဂမ်ဘီယာသမ္မတအား ရာထူးမှ နုတ်ထွက်ရန် ဆန္ဒပြသူထောင်ပေါင်းများစွာ တောင်းဆို

**ဘန်ဂျူးလ် ဒီဇင်ဘာ ၁၈**

ဂမ်ဘီယာသမ္မတ အက်ဒါမာဘာရိုးအား သမ္မတသက်တမ်းကို သုံးနှစ်ကြာ တာဝန်ထမ်းဆောင်မည်ဆိုသည့် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲတွင် ကတိပြုထားမှုနှင့်အညီ နုတ်ထွက်ပေးရန် ဂမ်ဘီယာဆန္ဒပြသူထောင်ပေါင်းများစွာတို့က ဒီဇင်ဘာ ၁၆ ရက်တွင် ဂမ်ဘီယာနိုင်ငံ၏ မြို့တော်ဘန်ဂျူးလ်ရှိ လမ်းများပေါ်ထွက်ကာ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

သမ္မတ အက်ဒါမာဘာရိုးသည် ၂၀၁၆ ခုနှစ်က အလွန်သေးငယ်သည့် အနောက်အာဖရိကနိုင်ငံ (ဂမ်ဘီယာ)တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် အာဏာရှင်ဟောင်း ဂျမ်မက်ကို အနိုင်ရရှိခဲ့ကာ သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။

အနောက်အာဖရိကနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက သမ္မတရာထူးသက်တမ်းကို ငါးနှစ်အပြည့် တာဝန်ထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် လက်ရှိသမ္မတ အက်ဒါမာဘာရိုးသည် ရွေးကောက်ခံသမ္မတဖြစ်ခဲ့ပါက သုံးနှစ်ကြာ တာဝန်ထမ်းဆောင်မည်ဟု ၂၀၁၆ ခုနှစ်က သမ္မတရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာတွင် ကတိပြုထားခဲ့သည်။ သို့သော် နောက်ပိုင်းတွင်မူ သမ္မတ အက်ဒါမာဘာရိုးသည် သမ္မတသက်တမ်းအပြည့် ထမ်းဆောင်ရန် ၂၀၂၁ ခုနှစ်တိုင်အောင် အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် အသက်အရွယ်ပေါင်းစုံ ပါဝင်သည့် ဂမ်ဘီယာနိုင်ငံသား တစ်သောင်းခန့်သည် ဒီဇင်ဘာ ၁၆ ရက်တွင် ဘော့မာလေ၏ တေးဂီတစည်းချက်နှင့်အတူ သုံးနှစ်၊ သုံးနှစ်ဟူ၍ သံပြိုင်ကြွေးကြော်ကာ မြို့တော်ဘန်ဂျူးလ်တွင် ချီတက်ဆန္ဒပြခဲ့ကြသည်။

သမ္မတ အက်ဒါမာဘာရိုးသည် သုံးနှစ်ကြာယာယီအစိုးရအဖြစ် ဦးဆောင်ရန်နှင့် ထို့နောက် ရွေးကောက်ပွဲကျင်းပရေး ရည်ရွယ်ခဲ့ပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း အက်ဒါမာဘာရိုး၏ အစိုးရညွန့်ပေါင်းအဖွဲ့ တည်ထောင်မှုဆိုင်ရာ ပဋိညာဉ်စာတမ်းအရ သိရသည်။

သို့ရာတွင် မတ်လအတွင်းကမူ ဘာရိုးက ၎င်းတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲအထိ ဆက်လက်တာဝန်ယူမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲတွင် အနိုင်ရသည့်မည်သူ့ကိုမဆို အာဏာလွှဲပြောင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို ဒေသဆိုင်ရာမီဒီယာက ဖော်ပြထားသည်။

စက်တင်ဘာလကုန်ပိုင်းကမူ ဘာရိုး၏ ညွန့်ပေါင်းအဖွဲ့တချို့က သမ္မတသက်တမ်းငါးနှစ် အပြည့်အဝဖြစ်ရေး အထောက်အပံ့ပေးရန် သဘောတူညီခဲ့သည်။ သို့ရာတွင် ဂမ်ဘီယာနိုင်ငံ၏ အကြီးဆုံးပါတီဖြစ်သည့် ယူနိုက်တက်ဒီမိုကရက်တစ်ပါတီအပါအဝင် ပါတီနှစ်ခုက အဆိုပါ ငါးနှစ်သက်တမ်း အပြည့်အဝကိစ္စကို ငြင်းဆိုခဲ့သည်။

ဆန္ဒပြမှု ဦးဆောင်သူများက ဘာရိုး၏ ကတိကဝတ်များအရ သတိပေးစာချွန်လွှာတစ်စောင်ကို ဘာရိုးထံ ပေးပို့ခဲ့ပြီး ကျမ်းသစ္စာကျိန်ဆိုမှုသုံးနှစ်ပြည့်ဖြစ်သည့် ဇန်နဝါရီ ၁၉ ရက်အထိ အချိန်ပေးထားသည်။




ကိုးကား – အေအက်ဖ်ပီ၊ ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်



ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနို



တရုတ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေဖန်ဟဲ

# လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တရုတ်နှင့်ဂျပန် ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံ

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နှင့် ဂျပန် ကာကွယ်ရေးဝန်ကြီးတို့သည် နှစ်နိုင်ငံအကြား ယုံကြည်မှု ပို၍နက်ရှိုင်းစေရန်နှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရန်အတွက် ပေကျင်းမြို့တွင် ယနေ့ တွေ့ဆုံခဲ့ကြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုသည် ဂျပန်ကာကွယ်ရေးဝန်ကြီးတစ်ဦးအနေဖြင့် ၂၀၀၉ ခုနှစ်ကတည်းက တရုတ်နိုင်ငံသို့ ပထမဦးဆုံး သွားရောက်လည်ပတ်သည့် ကာကွယ်ရေးဝန်ကြီးတစ်ဦးဖြစ်လာခဲ့ပြီး မကြာသေးမီက ဂျပန်နှင့် တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးပြေပြစ်လာမှုကို ထင်ရှားစေခဲ့သည်။ တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် စစ်ပွဲကာလ သမိုင်းကြောင်းနှင့် ပိုင်နက်မြေ အငြင်းပွားမှုများနှင့်ပတ်သက်၍ ယခင်က ဆက်ဆံရေးတင်းမာခဲ့သည်။

ကိုနို၏ တရုတ်ခရီးစဉ်နှင့်ပတ်သက်၍ သတင်းထောက်များက ဒီဇင်ဘာ ၁၇ ရက်တွင် တိုကျိုမြို့၌ ကိုနိုအား တွေ့ဆုံမေးမြန်းခဲ့ရာ ကိုနိုက လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အမျိုးမျိုးသောကိစ္စရပ်များကို တရုတ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေဖန်ဟဲနှင့်အတူ ပွင့်လင်းသော ဆွေးနွေးမှုတစ်ရပ် ပြုလုပ်ရန် ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့သည်။

ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် ယမန်နှစ် ဇွန်လက စတင်ခဲ့သည့် နှစ်နိုင်ငံ ရေကြောင်းနှင့် လေကြောင်းဆက်သွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ အရေးပေါ်ဖုန်းလိုင်းတစ်ခုကို မကြာမီဖွင့်လှစ်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ပင်လယ်ပြင်နှင့် ဝေဟင်တွင် နှစ်နိုင်ငံတပ်ဖွဲ့အကြား မတော်တဆတိုက်ခိုက်မှုများမှ ရှောင်ရှားနိုင်ရန် ရည်ရွယ်လျက် တရုတ်နှင့် ဂျပန်အနေဖြင့် ယခုကဲ့သို့ အရေးပေါ်ဖုန်းလိုင်းတစ်ခုကို ဖွင့်လှစ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် တရုတ်က ဒိုင်အိုယူဟုခေါ်သည့် အရှေ့တရုတ်ပင်လယ်ရှိ ဂျပန်ထိန်းချုပ်ထားသော ဆင်ကာကူကျွန်းစုနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်ခုကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိသေးပေ။ ကိုနိုသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေဖြင့် ပြီးခဲ့သည့် ဩဂုတ်လက ပေကျင်းမြို့သို့ သွားရောက်လည်ပတ်စဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့်တွေ့ဆုံကာ နှစ်နိုင်ငံအကြား ဆက်ဆံရေးခိုင်မာတောင့်တင်းစေရေးအတွက် အရှေ့တရုတ်ပင်လယ်ရှိ ကျွန်းစုငယ်လေးများနှင့်ပတ်သက်၍ စစ်မှန်သော ဖြေရှင်းချက်တစ်ရပ် ပြုလုပ်ရန် လိုအပ်သည်ဟု ဝမ်ယိအား ပြောကြားခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုနို၏ နှစ်ရက်ကြာ တရုတ်ခရီးစဉ်သည် ဒီဇင်ဘာ ၂ ရက်တွင် စတင်မည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ တရုတ်ခရီးစဉ်အတွက် အခြေခံလုပ်ငန်းများကို ခင်းကျင်းပေးမည်ဟု ဂျပန်အစိုးရက မျှော်လင့်ထားသည်။ ရှင်ဇိုအာဘေးသည် တရုတ်ဝန်ကြီးချုပ် လီခချန်း၊ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့နှင့် ပြုလုပ်မည့် သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးတစ်ရပ်သို့ တက်ရောက်ရန် ဒီဇင်ဘာ ၂၄ ရက်တွင် သုံးရက်ကြာ ခရီးအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ တရုတ်သမ္မတ ရှီကျင့်ဖျင်သည်လည်း ၎င်း၏ ပထမဦးဆုံး နိုင်ငံတော်အဆင့် ဂျပန်ခရီးစဉ်အဖြစ် လာမည့်နွေဦးရာသီတွင် တိုကျိုမြို့သို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးကား – ကျိုဒိုနယူးစ်၊ ဘာသာပြန် – ဂျေတီ

# မြောက်ကိုရီးယားအရေး ဆွေးနွေးရန် တရုတ်နိုင်ငံသို့ အမေရိကန်အထူးကိုယ်စားလှယ် သွားရောက်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖန်ဘီဂန်သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးရန် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ဘီဂန်သည် တရုတ်အစိုးရ အကြီးတန်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ ပေကျင်းမြို့တော်သို့ နှစ်ရက်ကြာ သွားရောက်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘီဂန်မှာ တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်ကြာ သွားရောက်ပြီးနောက် လက်ရှိတွင် ဂျပန်နိုင်ငံ၌ ရောက်ရှိလျက်ရှိသည်။ နျူကလီးယားလက်နက် ဖျက်သိမ်းရေး ဆွေးနွေးမှုမှာ နီးကပ်လာပြီဖြစ်ရာ အရေးယူမှုများ ဖြေလျှော့ရန် သို့မဟုတ် အလျှော့ပေးမှုများပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံက တစ်ဖက်သတ်သတ်မှတ်ခဲ့သည့် နှစ်ကုန်သတ်မှတ်ထားသော နောက်ဆုံးအချိန်တွင် ထိုသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တစ်ခုက ကမ္ဘာ့နိုင်ငံများရှိ မြောက်ကိုရီးယားအလုပ်သမားများကို ဒီဇင်ဘာ ၂၂ ရက်ထက်နောက်မကျဘဲ မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရန် အစိုးရများထံ တောင်းဆိုထားသည်။ သို့သော်လည်း တရုတ်နှင့် ရုရှားနိုင်ငံတို့က မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူမှုများ ဖြေလျှော့ပေးရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

မြောက်ကိုရီးယားအရေး ကိုင်တွယ်ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်ရန် နိုင်ငံတကာအသိုက်အဝန်းအတွက် လိုအပ်ပုံကို တရုတ်နိုင်ငံနှင့် ဆွေးနွေးမည်ဟု ဘီဂန်က ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံ၏ အရေးပါသော မဟာမိတ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံက အရေးယူမှုများ ဆက်လက်ထားရှိရန် ပြောကြားမည်ဟု ၎င်းကဆိုသည်။ ဂျပန်တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်ရာ၌ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖျက်သိမ်းရေးတွင် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု ဘီဂန်က အတည်ပြုပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံက စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းသို့ လာရောက်ရန်လည်း ၎င်းက တောင်းဆိုလျက်ရှိသည်။

သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံဘက်သို့ ဆက်သွယ်ခဲ့ခြင်းရှိ မရှိကိုမူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းခဲ့ခြင်းမရှိပေ။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး

# ငလျင်လှုပ်မှုကြောင့် တရုတ်အနောက်တောင်ဘက်၌ လူကိုးဦး ဒဏ်ရာရ

**ချဲန်ဒူ ဒီဇင်ဘာ ၁၈**

ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၄ မိနစ်ခန့်က တရုတ်နိုင်ငံ အနောက်တောင်ဘက် ဆီချွန်ပြည်နယ် နေဂျန်းမြို့ ဇီဖောင် စီရင်စုတွင် အင်အား ၅ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဒဏ်ရာရရှိသူအားလုံးကို ဒေသဆိုင်ရာ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားပြီး ၎င်းတို့အနက် လေးဦးသည် ဒဏ်ရာပြင်းထန်ကြောင်း နေဂျန်းအရေးပေါ် စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

ထို့အပြင် ငလျင်ဒဏ်ကြောင့် အိမ်ခြေ ၂၀ ခန့် ပြိုကျသွားပြီး အိမ်ထောင်စု ၁၁၉၆၈ စုတွင် လျှပ်စစ်မီး ပြတ်တောက်မှုများ ဖြစ်ပွားသည့်အပြင် မိုဘိုင်းဖုန်းဆက်သွယ်ရေးစခန်း သုံးခုကိုလည်း ထိခိုက်သွားကြောင်း သိရသည်။

ဒေသဆိုင်ရာအစိုးရသည် ရဲတပ်ဖွဲ့ဝင်များ၊ အရေးပေါ်တုံ့ပြန်ရေးတပ်ဖွဲ့ဝင်များ၊ ဆေးဘက်ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အပါအဝင် ကူညီကယ်ဆယ်ရေးဝန်ထမ်း၂၀၀၀ ကျော်အား အခင်းဖြစ်ပွားသည့် နေရာသို့ စေလွှတ်ထားပြီး ဒဏ်ရာရလူနာများအား ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးခြင်း အပါအဝင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြသည်။

သို့သော် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ဆိုင်ရာ ပညာရှင်များက ယင်းဒေသ၏ ဘူမိဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံကို ဆန်းစစ်လေ့လာခဲ့ရာ လာမည့်ရက်များအတွင်း အဆိုပါဒေသ၌ ပိုမိုကြီးမားသော ငလျင်လှုပ်ခတ်နိုင်ခြေမရှိဟု ပြောဆိုခဲ့ကြသည်။

အဆိုပါ ငလျင်သည် မြောက်လတ္တီကျု ၂၉ ဒသမ ၅၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၀၄ ဒသမ ၈၂ ဒီဂရီ၊ မြေအောက်အနက် ၁၄ ကီလိုမီတာခန့်တွင် ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လုပ်ငန်းများပူးပေါင်းလက်တွဲဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်အကြံပြုချက်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နိုင်ငံအတွင်း လုပ်ငန်းများပူးပေါင်းလက်တွဲ ဆောင်ရွက်နေသော ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေး တိုင်ပင်အကြံပြုချက်ရယူခြင်း အလုပ်ရုံဆွေးနွေး ပွဲကို ယနေ့နံနက်ပိုင်းတွင် Horizon Lake View ဟိုတယ် နေပြည်တော်၌ ကျင်းပသည်။

**ပိုမိုပူးပေါင်းလက်တွဲ**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာန အနေဖြင့် လူနာများဘေးကင်းလုံခြုံရေး၊ ကျောင်း အခြေပြုကျန်းမာရေးမြှင့်တင်မှု၊ ကျန်းမာရေး အသိပညာမြှင့်တင်မှု၊ ပြည်သူအခြေပြု ကိုယ် လက်လှုပ်ရှားအားကစားလေ့ကျင့်မှု၊ အာဟာရ ဖွံ့ဖြိုးမှု၊ မကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ အရည်အသွေးမြင့်မား၍ ကျင့်ဝတ်နှင့်ညီသော ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ပိုမိုမွေးထုတ်လေ့ကျင့်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင် ရွက်သွားမည်ဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်း များအနေဖြင့်လည်း ပိုမိုပူးပေါင်းလက်တွဲ ဆောင်ရွက်စေလိုပါကြောင်း။

**အလွန်အရေးကြီး**

အမျိုးသားကျန်းမာရေး မူဝါဒအသစ် ပြန်လည်ရေးဆွဲပြီးသည့်နောက်တွင် ဝန်ကြီး ဌာန၏ဘဏ္ဍာငွေနှင့် ရန်ပုံငွေများခွဲဝေချထားမှု၊ လုပ်ငန်များ အကောင်အထည်ဖော်ဆောင်ရွက် မှု အတိုင်းအတာ၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ခွဲဝေတာဝန်ချထားမှု၊ ဦးစား ပေးလုပ်ငန်းများသတ်မှတ်ဆောင်ရွက်မှုတို့ကို မူဝါဒနှင့်အညီ မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရ မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်မှု မဟာဗျူဟာနှင့်စီမံကိန်း များသည် အလွန်အရေးကြီးပါကြောင်း။

ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက် လုပ်ငန်း ၄၂ ခုကိုလည်း ပိုမိုထိရောက်အောင်မြင် မှုရှိစေရေး၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်မှု အားကောင်းစွာဖြင့် ဆောင် ရွက်နိုင်ရေးတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါ ကြောင်း၊ ယခုဆွေးနွေးပွဲတွင် မိတ်ဖက်အဖွဲ့ အစည်းများမှ တာဝန်ရှိသူများအနေဖြင့် အမျိုး သားကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေး၊ ဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေးတို့အတွက် အကြံပြုချက် များကို ပွင့်လင်းစွာ ပြောကြားကြစေလိုပါ ကြောင်း၊ ဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ရာတွင် ပိုမိုလွယ်ကူကောင်းမွန်စေရေး အကြံ ပြုချက်များကိုလည်း ပေးအပ်စေလိုပါကြောင်း။

**အသုံးချသုတေသန**

မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး၊ တာဝန်ရှိသူများနှင့် ပုံမှန်တွေ့ဆုံ ဆွေးနွေးခြင်း၊ ကျန်းမာရေးစီမံချက် မန်နေဂျာ များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများကို လည်း လုပ်ဆောင်ကြစေလိုပါကြောင်း၊ ဝန်ကြီး ဌာန၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားနည်းချက်များကို ဖော်ထုတ်၍ အားဖြည့် ဆောင်ရွက်ခြင်း၊ အားသာချက်များ ပိုမိုအား ကောင်းစေရေးတို့အတွက် အသုံးချသုတေသန များ ပိုမိုပြုလုပ်ဆောင်ရွက်စေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ပူးပေါင်းလက်တွဲဆောင်ရွက်နေသည့် မိတ်ဖက် အဖွဲ့အစည်းများ၏ လုပ်ငန်းကဏ္ဍအလိုက်၊ လုပ်ငန်းဆောင်ရွက်ရာ နေရာဒေသအလိုက် လုပ်ငန်းများ ရောထွေးမှုနှင့်လုပ်ငန်းများ တစ်နေရာတည်းတွင် စုပြုံထပ်နေခြင်းများ မရှိ စေရေး အသုံးချသုတေသနများဖြင့် ဆန်းစစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ဝန်ထမ်းများအတွက် သုတေသန စွမ်းရည်နှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်မှုစွမ်း ရည်များမြှင့်တင်ရေးအတွက် ဆေးသုတေသန ဦးစီးဌာန (ပြင်ဦးလွင်)တွင် သုတေသန စွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြောကြား**

ယခု ဆွေးနွေးပွဲတွင် ပေးအပ်သည့် အကြံ ပြုချက်များကို မြန်မာနိုင်ငံ အမျိုးသားကျန်းမာ ရေးမူဝါဒ ပြန်လည်ရေးဆွဲရာတွင် လည်းကောင်း၊ လက်တွေ့မြေပြင်တွင် အကောင် အထည်ဖော်နိုင်မည့် မဟာဗျူဟာနှင့် လုပ်ငန်း စဉ်များ ချမှတ်ဆောင်ရွက်ရာတွင် လည်းကောင်း ဝန်ကြီးဌာနမှ အလေးအနက်ထား ထည့်သွင်း စဉ်းစားကာ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းအကြံပြု ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးမူဝါဒ ပြန်လည်ဆန်း စစ်သုံးသပ်နိုင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာ ထင်လင်းက မြန်မာနိုင်ငံ အမျိုးသား ကျန်းမာရေးမူဝါဒ ပြန်လည်ရေးဆွဲရေးအတွက် ခြုံငုံတင်ပြခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက် သည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ စသည့် မိတ်ဖက်အဖွဲ့အစည်း ၆၂ ဖွဲ့မှ တာဝန် ရှိသူများက ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ အဖွဲ့လိုက် တင်ပြဆွေးနွေးခြင်းနှင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

# (၁၄) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တက်ရောက် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ကြုံတွေ့နေမှုများအား သက်သာလျော့ပါးစေရန် ကြိုးပမ်းဆောင်ရွက်နေ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ သည့် (၁၄) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် စပိန်နိုင်ငံ၏ ဆဋ္ဌမမြောက် ဘုရင်ဖီလစ်ပီက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အေဆမ် အဖွဲ့ဝင်နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် ဥရောပသမဂ္ဂနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ နှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ တက်ရောက်ခဲ့ကြသည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၅ ရက် ညနေ ပိုင်းတွင် ကျင်းပသော အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စပိန်နိုင်ငံ နိုင်ငံ ခြားရေး၊ ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးရာ ဝန်ကြီးဌာန၏ ခေတ္တဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၆ ရက်တွင် "Revitalizing the multilateral system–advancing the ASEM partnership on global issues" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးမှုအစီအစဉ်တွင် မိန့်ခွန်းပြောကြား ခဲ့ရာ၌ ကမ္ဘာတစ်ဝန်း လျင်မြန်သောပြောင်းလဲမှုများနှင့် ကြုံတွေ့နေရသည့်ကာလတွင် အာရှနှင့် ဥရောပအကြား ဆက်ဆံရေးတိုးမြှင့်ရာ၌ အေဆမ်၏ အခန်းကဏ္ဍပိုမိုအရေး ပါလာကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း အပါအဝင် ကမ္ဘာ တစ်ဝန်း ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း ရာ၌ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍ ပိုမိုအရေးပါလာကြောင်း၊ မြန်မာနိုင်ငံတွင် ရာသီဥတု ပြောင်းလဲခြင်းကြောင့် ကြုံတွေ့နေမှုများအား သက်သာ လျော့ပါးစေရန်နှင့် လိုက်လျောညီထွေဖြစ်စေရန်တို့အတွက် ကာကွယ်သည့် အစီအစဉ်များ ကြိုးပမ်းဆောင်ရွက်နေ ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ပြုပြင်ရန်လိုအပ်**

ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့ အစည်းများ၏ ကူညီပံ့ပိုးပေးမှုများသည် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များနှင့် ကိုက်ညီရေးသည် အထူးအရေးကြီးကြောင်း၊ ကမ္ဘာ့ကုလ သမဂ္ဂ ပဋိညာဉ်စာတမ်းပါမူများနှင့် သက်ဆိုင်မှုရှိသည့် နိုင်ငံတကာဥပဒေများအား လေးစားလိုက်နာရေးမှာ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ထိန်းသိမ်းဆောင်ရွက် ရာတွင် အရေးကြီးကြောင်း၊ သို့သော် တစ်ချိန်တည်းတွင် နိုင်ငံတကာ ဥပဒေအားကျင့်သုံးရာ၌ သာတူညီမျှရှိစေရေး၊ သမာသမတ်ရှိ၍ ဘက်မလိုက်ရေးနှင့် စံနှုန်းနှစ်မျိုးဖြင့် ဆက်ဆံမှုမရှိစေရေးတို့အား အခြေခံဆောင်ရွက်ရန် လိုအပ် ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သမာ သမတ်ရှိပြီး လွတ်လပ်စွာဆောင်ရွက်ရေး၊ ဘက်မလိုက်ရေး နှင့် ဂုဏ်သိက္ခာရှိရေး စသည့်မူများနှင့်အညီ ဆောင်ရွက်ရန် အားထုတ်မှုနည်းသူများအား တာဝန်ပေးအပ်မှုကဲ့သို့သော လွဲမှားသောလုပ်ရပ်များအား ပြုပြင်ရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဥရောပသမဂ္ဂ၊ နိုင်ငံ ခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲ Mr. Josep Borrell က သဘာပတိအဖြစ်ဆောင်ရွက်သည့် အလုပ် သဘော နေ့လယ်စာစားပွဲ (Retreat Session) သို့ တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်လူ့အဖွဲ့အစည်းများအကြား အကြမ်းဖက်တိုက်ခိုက်မှုများ၏ နှစ်ပေါင်းရာစုချီသော ကာလမှစတင်ခဲ့သော နောက်ခံသမိုင်းကြောင်း ဖြစ်ရပ်မှန် အခြေအနေများ၊ မြန်မာအစိုးရအနေဖြင့် လူ့အခွင့်အရေး ဆိုင်ရာ ချိုးဖောက်မှုစွပ်စွဲချက်များနှင့်ပတ်သက်၍ တာဝန် ခံမှုရှိစေရေးအတွက် ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းဆောင် ရွက်နေမှု ကိစ္စရပ်များကို အသိပေးပြောကြားခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် မက်ဒရစ်မြို့၌ရှိနေစဉ် အတွင်း အာဆီယံအတွင်းရေးမှူးချုပ် Mr. Dato Lim Jock Hoi နှင့် ရခိုင်ပြည်နယ်တွင် ပြန်လည်လက်ခံရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများ မြန်ဆန်စွာအကောင်အထည်ဖော် ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။ အိမ်ရှင် စပိန်နိုင်ငံ နိုင်ငံခြားရေး၊ ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးရာ ဝန်ကြီးဌာန၏ ခေတ္တဝန်ကြီးအဖြစ် တာဝန်ယူထားသော Mr. Fernando M. Valenzuela Marzo နှင့် သီးခြားတွေ့ဆုံ ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စ ရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ပြီး 9th Model ASEM သို့ တက်ရောက်လာသည့် မြန်မာလူငယ်ကိုယ်စား လှယ် သုံးဦးနှင့်လည်း တွေ့ဆုံခဲ့သည်။ အဆိုပါ အစည်း အဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စပိန်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇေယျနှင့် နိုင်ငံ ခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အာရှ-ဥရောပဆွေးနွေးပွဲ အေဆမ်သည် ၁၉၉၆ ခုနှစ် တွင် အာရှနှင့်ဥရောပအကြား အလွတ်သဘောအပြန်အလှန် ဆွေးနွေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်ဥရောပမှ နိုင်ငံ ၃၀ နှင့် အာရှမှ ၂၁ နိုင်ငံ စုစုပေါင်း ၅၁ နိုင်ငံနှင့် အဖွဲ့အစည်း နှစ်ခုဖြစ်သည့် ဥရောပသမဂ္ဂနှင့် အာဆီယံအတွင်းရေးမှူး ချုပ်ရုံးတို့ ပါဝင်သည်။ အေဆမ်ထိပ်သီးညီလာခံအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပ သွားရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်လင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက လှိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ပန်ပိုးကျေးရွာ အနီး တောလမ်းတွင် ယောနသန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



အလားတူ ရှုဖု မောင်းနှင်လာသည့် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ကျာမူး မောင်းနှင်လာသည့် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ကြာဂ မောင်းနှင်လာသည့် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ယောနသန်၊ ရှုဖု၊ ကျာမူး၊ ကြာဂတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၇၅ ဒသမ ၈၀၁၂ တန်၊ သစ်မာ ၁၈၉ ဒသမ ၅၁၆၆ တန်၊ အခြား ၁၉၇ ဒသမ ၈၉၉၉ တန် စုစုပေါင်း ၄၆၃ ဒသမ ၂၁၇၇ တန်၊ ပြစ်မှုကျူးလွန်သူ ၅၉ ဦး၊ ယာဉ်/ယန္တရား ၄၄ စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# မြေသယ်ယာဉ်တစ်စီး ဝိုင်ယာအပူလွန်ကဲရာမှ မီးလောင်

**လှည်းကူး ဒီဇင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ အမှတ်(၂) လမ်းမကြီး မိုင်တိုင်(၂၅/၅)အနီးတွင် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲခန့်က မြေသယ်ယာဉ်တစ်စီး ဘက်ထရီငုတ်ချောင်၍ ဝိုင်ယာအပူလွန်ကဲရာမှ မီးလောင်ခဲ့ကြောင်း သိရသည်။

ရဲတပ်ကြပ်ကြီး တင်ထွန်းသည် ဒါးပိန်နယ်မြေရဲစခန်းတွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ အမှတ်(၂) လမ်းမကြီး မိုင်တိုင်(၂၅/၅)အနီးတွင် ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စခန်းမှူး ရဲအုပ်ကိုလတ်နှင့်အဖွဲ့က သွားရောက်စစ်ဆေးစဉ် ဒါးပိန်နယ်မြေမီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ ၎င်းယာဉ်သည် ဆားတလင်းကျေးရွာမှ ဇရပ်ကွင်းကျေးရွာ(တောင်မှမြောက်)သို့ ယာဉ်မောင်း ကျော်လွင် စမ်းချောင်းကွက်သစ် အောင်လံမြို့နေသူ မောင်းနှင်လာကာ သနပ်ပြင်ကျေးရွာ အမှတ်(၂)လမ်းမကြီး မိုင်တိုင်(၂၅/၅)အနီး အရောက်တွင် ဝိုင်ယာအပူလွန်ကဲရာမှ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်လွင်အား လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**မင်းလှ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်စိုးလင်းနှင့်အဖွဲ့၊ မင်းလှမြို့နယ်ရဲတပ်ဖွဲ့ လက်ပံတံခါးရဲကင်းစခန်းမှူး ဒုရဲအုပ်သက်နိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့တို့က ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် နယ်မြေစိုးမိုးရေးလှည့်ကင်းဆောင်ရွက်နေစဉ် ကျောက်စားပွဲကျေးရွာအနီး ပနီချောင်း၌ သစ်ခွဲသားဆိုဒ်စုံ ၁၂ ချောင်း (၁ ဒသမ ၂၁၂ တန်) အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီးရဲတပ်ဖွဲ့**



# မလှိုင်မြို့နယ်၌ ဆိုလာပြား အားသွင်းရာမှ မီးလောင်မှုဖြစ်

**မလှိုင် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အလယ်ချောင်တောင်ကျေးရွာတွင် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီကျော်ခန့်က ဆိုလာပြား အားသွင်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့နယ် အလယ်ချောင်တောင်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မလှိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးသန်းမြိုင်၏ နေအိမ်ရှေ့တွင် ဆိုလာပြားဖြင့် ဘက်ထရီအိုးအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မီးသတ်ဦးစီးမှူး ဦးဆောင်ပါဝင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးဘေးသင့်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက ဆန်နှင့်ဆီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သွပ်မိုးထရံကာအိမ်တစ်လုံး၊ မြေစိုက်တဲတစ်လုံးနှင့် မီးဖိုတဲတစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး သန်းမြိုင်အား မလှိုင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



# ရွှေဘို၌ ဆိုင်ကယ်ဖြင့် လုယက်သူများ ဖမ်းမိ

**ရွှေဘို ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဆိုင်ကယ်ဖြင့် လုယက်သူများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲက ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက်နေ မရွှေဇင်ဝင်းသည် ၎င်း၏ဆိုင်ကယ်ဖြင့် နေအိမ်သို့ ပြန်လာစဉ် အမှတ်(၂) ရပ်ကွက်ရှိ ကုန်စုံဆိုင်ရှေ့ အရောက်တွင် ဘေးချင်းကပ်၍ အမျိုးသားနှစ်ဦး စီးလာသော ဆိုင်ကယ်၏နောက်မှ လိုက်လာသူက မရွှေဇင်ဝင်း၏ ဖုန်းနှင့် ပိုက်ဆံအိတ်များထည့်ထားသော အိတ်အား လုယူထွက်ပြေးသွားခဲ့သဖြင့် အကူအညီတောင်းခဲ့ရာ အမှတ်(၂) ရပ်ကွက်အတွင်း ရပ်ကွက်နေပြည်သူများနှင့် လုံခြုံရေးဆောင်ရွက်နေသော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက ၎င်းတို့စီးလာသော ဆိုင်ကယ်၊ လုယက်သွားခဲ့သော အိတ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လုယက်သူ သီဟလင်း အမှတ်(၁၀)ရပ်ကွက် ရွှေဘိုမြို့နေသူနှင့် သူရလင်းတို့နှစ်ဦးကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေးကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကိုအထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါကနှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ဒေသများ ၂၄ နာရီ ဓာတ်အားရရှိမည်

**ဟုမ္မလင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နမ့်ပငချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးပါက ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ဒေသများ ၂၄ နာရီ ဓာတ်အားရရှိနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စက်ရုံတည်ဆောက်နေစဉ်ကာလအတွင်း စက်ရုံအနီးဝန်းကျင်ရှိ ကျေးရွာ ၁၂ ရွာကို ဒီဇယ်ဓာတ်အားပေးစက် ၁၂ လုံးနှင့် ၄၀၀ ဗို့အားဓာတ်အားလိုင်း ၉ ဒသမ ၆၃ မိုင် တည်ဆောက်ကာ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


"ဒီဇယ်စက်နဲ့ လျှပ်စစ်မီးပေးမယ့် ကျေးရွာ ၁၂ ရွာမှာတော့ အခုဓာတ်မီးတိုင်တွေစိုက်နေပြီ"ဟု ဟုမ္မလင်းမဲဆန္ဒနယ်အမှတ်-၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးလွင်က ပြောကြားသည်။

နမ့်ပငချောင်းသည် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်မှ စတင်စီးဆင်းလာပြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့နယ်ခွဲအနီး ချင်းတွင်းမြစ်အတွင်းစီးဝင်သည်။

"နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုကုန်ကျငွေက ၂၄ ဘီလီယံကုန်ကျမှာဖြစ်ပါတယ်။ စီမံကိန်းဆောင်ရွက်ဖို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စူးစမ်းလေ့လာတိုင်းတာကာ ဒီဇိုင်းနဲ့ပုံထုတ်တာတွေ လုပ်ထားပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောကြားသည်။

ဟုမ္မလင်းမြို့အထက် ခန္တီးမြို့နှင့် အနီးဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လဟယ်မြို့နယ်ရှိ ဇရစ်ချောင်းပေါ်တွင် စက်တပ်ဆင်အင်အား ၂ ဒသမ ၅ MW ရှိ ဇရစ်ချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေအစီအစဉ်ဖြင့် Energy Reliable Ace Co., Ltd နှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**မျိုးဝင်းထွန်း**





# မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ရင်ပြင်တွင် နေဝင်ဆည်းဆာအလှ ကြည့်ရှုခံစားနေသော ပြည်တွင်း ပြည်ပခရီးသွားများဖြင့် စည်ကား

**မန္တလေး ဒီဇင်ဘာ ၁၈**

ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေ အမြင့်တွင်ရှိသော မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ရင်ပြင်ပေါ်တွင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားရန်ရောက်ရှိနေသော ပြည်တွင်း ပြည်ပခရီးသွားများ ယခုလတွင် အထူးစည်ကားလျက်ရှိသည်။

မန္တလေးတောင်ကို ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဆေးဒန်းတောင်၊ မြင်းသီလာတောင်၊ ဒုတ္တာတောင်၊ ရေလှည့်တောင်၊ ကြေးနီတောင်၊ ဘီလူးမတောင်ဟု အမည်တွင်သော တောင်ကိုးလုံးတို့ ဝိုင်းရံရစ်ပတ် စုပေါင်းတည်နေသောကြောင့် လာရောက်သူများ သဘာဝအလှကို ကြည့်ရှုခံစားရင်း စိတ်ကြည်လင်ရွှင်ပျရာနေရာဖြစ်သည်ဟု သိရသည်။

''မန္တလေးတောင်ကို ယခုလမှာ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်တာ တော်တော်များတယ်၊ အဓိကကတော့ နေဝင်ဆည်းဆာ(Sunset) လာကြည့်တာပါ။ မန္တလေးတောင်ပေါ်မှာရှိတဲ့ မြွေကြီးနှစ်ကောင်၊ ကျန်စစ်သားခြေရာ၊ စန္ဒာမုခိဘုရားနဲ့ တခြားနေရာတွေလည်း လေ့လာမှုများပါတယ်။ ယခုရက်ပိုင်း ပြည်ပခရီးသွားများအနေဖြင့် နေဝင်ဆည်းဆာလာကြည့်တာ နေ့စဉ် ခရီးသွား ၅၀၀ ဝန်းကျင်လောက်ရှိပါတယ်'' ဟု မန္တလေးတောင်ရင်ပြင်တော်ကြီးကြပ်ရေးမှူး ဦးတင်ဝင်းထံမှ သိရသည်။

**မန္တလေး(ပြန်/ဆက်)**



# ဘားအံမြို့၌ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေး စောင့်ရှောက်မှုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၈**

လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေး စောင့်ရှောက်မှုနေ့ (Universal Health Coverage Day) အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၃ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ကအဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်က Universal Health Coverage(UHC)၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ခန်းမရှေ့၌ ခင်းကျင်းပြသထားသော ပညာပေးရေးအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကလေးစာပေပွဲတော် (ဝါးခယ်မ) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်လှစ်

**ဝါးခယ်မ ဒီဇင်ဘာ ၁၈**

ကလေးစာပေပွဲတော်(ဝါးခယ်မ) ဖွင့်ပွဲကို ဝါးခယ်မမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးငွေးဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန်၊ ကာယဉာဏ စွမ်းအားများ တိုးတက်မြင့်မားလာပြီး အရည်အသွေးပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန်၊ ကျောင်းနေအရွယ်ကလေးငယ်များ ကလေးစာပေပွဲတော်နှင့်ပတ်သက်၍ ကျယ်ပြန့်စွာသိရှိပြီး အများစု ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က ကလေးစာပေပွဲတော်( ဝါးခယ်မမြို့) သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း (၁၂)ကြိမ်မြောက်ကျင်းပသည့် မြို့ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများ၏ ပညာရေးပြခန်းများ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ ကြက်ခြေနီပြခန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံပြခန်း၊ မီးသတ်တပ်ဖွဲ့ပြခန်းများနှင့် ကလေးငယ်များ၏ ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ပန်းချီနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။



"ကလေးစာပေပွဲတော် " စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ဝါးခယ်မ) ကို ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ - အောင်မင်း၊ လွှမ်းသီဟ၊ ချစ်သက်လယ်၊ နန်းထိုက်**

# လာမည့်နှစ်မှာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ သွားကြပါစို့

သတင်းဆောင်းပါး-ခင်မောင်ထွေး
ဓာတ်ပုံ
ကိုကိုစိုးညွန့်၊ ဇော်မင်းလတ်




ရန်ကုန်မြို့ပတ်ရထားပေါ်ရောက် နိုင်ငံခြားသားတစ်ယောက်၊ စာအုပ်တစ်အုပ်။ သူဘယ်နိုင်ငံသားလဲဆိုတာတော့ ကျွန်တော်မသိ။ သေချာတာကတော့ ဥရောပတိုက်သားတစ်ဦး ဖြစ်လိမ့်မည်။ သို့သော် ကိစ္စမရှိ။ ကျွန်တော် သူ့ကိုစိတ်ဝင်စားနေတာက သူ့လက်ထဲမှစာအုပ်ကို မြို့ပတ်ရထားစထွက်ကတည်းက ရန်ကုန်ဘူတာကြီးရောက်လုနီးအထိ မျက်နှာမခွာဘဲ ဖတ်နေသည့် သူ့သဏ္ဌာန်။

ရန်ကုန်မြို့ပတ်ရထားကြီးက ဂျုံးဂျုံး ဂျက်ဂျက်။ ကျွန်တော်ကလည်း သူ့ကိုအားကျစိတ်ဖြင့်ကြည့်ရင်း တစ်ချက်တစ်ချက် တွေးလိုက်၊ ငေးလိုက်။ "ဪ၊ သူတို့အနောက်နိုင်ငံသားတွေ နိုင်ငံအလိုက်၊ တစ်ဦးချင်းအလိုက် ကြီးပွားတိုးတက်နေကြတဲ့ အဓိကသော့ချက်က စာဖတ်လို့ပဲ။ စာဖတ်ဝါသနာပါအောင်လည်း ငယ်စဉ်ကလေးဘဝ မူလတန်းကျောင်းသားအရွယ်ကတည်းက ဆရာ ဆရာမတွေက စာကြည့်တိုက် သွားတတ်အောင်၊ စာကြည့်တိုက်ကို အသုံးပြုတတ်အောင်၊ စာကြည့်တိုက် ယဉ်ကျေးမှုနဲ့ လက်ပွန်းတတီး ယဉ်ပါးထိတွေ့နိုင်အောင် သင်ခန်းစာထဲမှာ ကိုးကားအပုဒ်တွေထည့်ပြီး၊ စာကြည့်တိုက်ကို ကိုယ်တိုင်သွားရောက်စေပြီး လိုအပ်တဲ့ စာအုပ်စာပေတွေကို ရှာဖွေကိုးကားစေပါလား"

ဖွံ့ဖြိုးပြီး နိုင်ငံတိုင်းလိုလို၊ ထင်ရှားကျော်ကြားလှသော ကမ္ဘာ့တက္ကသိုလ်တိုင်းလိုလို၏ နောက်ကွယ်တွင် အထင်ကရစာကြည့်တိုက်ကြီးများ ရှိနေပါသည်။

"ဂျုံးဂျုံးဂျက်ဂျက်၊ ဂျုံးဂျုံးဂျက်ဂျက်"

မြို့ပတ်ရထား၏ စည်းချက်နှင့်အတူ မြင်ကွင်းတို့ကလည်း တဖျပ်ဖျပ်။ ဂျပန်နိုင်ငံ၏ လွှတ်တော်စာကြည့်တိုက်။ ၂၀၁၂ ခုနှစ်မေလက နိုင်ငံတော်အဆင့် အကြီးအကဲတစ်ဦး၏ ဂျပန်နိုင်ငံခရီးစဉ်တွင်Media Cover တာဝန်ထမ်းဆောင်ရင်း ကျွန်တော်လေ့လာခွင့်ရခဲ့သည့် မြင်ကွင်းများ ပြန်မြင်ယောင်လာသည်။

ဂျပန်နိုင်ငံ လွှတ်တော်စာကြည့်တိုက်ကို ၁၉၄၈ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ပစ္စုပ္ပန်တွင် ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်များအနက် တစ်ခုအပါအဝင်ဖြစ်လာသည်။ သန်းနှင့်ချီသော စာအုပ်များ၊ လွှတ်တော်အစည်းအဝေးဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ နိုင်ငံတော်၏ သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ပြန်ထားသော ဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားသည်။ ထူးခြားချက်မှာ ၁၉၄၇ ခုနှစ် ပထမအကြိမ် လွှတ်တော်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ထိန်းသိမ်းထားရှိခြင်းပင်။ သိရှိလိုသည့် အကြောင်းအရာတစ်ခု၏ ရက်စွဲကို ခလုတ်နှိပ်လိုက်သည်နှင့် မှတ်တမ်းမှတ်ရာ အချက်အလက်များအား ချက်ချင်းသိရှိနိုင်ရန် အီလက်ထရွန်နစ်စနစ်ဖြင့် ချိတ်ဆက်ထားသည်။ ဂျပန်နိုင်ငံလွှတ်တော်စာကြည့်တိုက်သည် နိုင်ငံပိုင်စာကြည့်တိုက်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များသာမက ပြည်သူများပါ နေ့စဉ်လာရောက်ဖတ်ရှု လေ့လာကြသည်ဟု တာဝန်ရှိသူက ဆိုပါသည်။

နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စာကြည့်တိုက်များအနက် အမျိုးသားစာကြည့်တိုက်များသည်လည်း ထိပ်ဆုံးက ရပ်တည်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်နှင့် ပြယုဂ်တစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း စာကြည့်တိုက်ယဉ်ကျေးမှု ပိုမိုထွန်းကားပြန့်ပွားလာစေရန် လက်ရှိနိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရသည်။ ပမာဆိုရလျှင် ပြည်သူများ အဓိကလေ့လာဖတ်ရှုသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)။

မှတ်မိကြပါလိမ့်မည်။ လက်ရှိနိုင်ငံတော်အစိုးရသည်နိုင်ငံတော်၏အာဏာကိုလွှဲပြောင်းလက်ခံရယူပြီး လပိုင်းအနည်းငယ်အတွင်းမှာပင် ထိုစဉ်က နိုင်ငံတော်သမ္မတဦးထင်ကျော် (ယခုနိုင်ငံတော်သမ္မတဟောင်း) ဦးစီး၍ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ပြည်သူများ အလွယ်တကူ ဝင်၊ ထွက်သွားလာနိုင်သည့် ရန်ကုန်မြို့လယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်း အမှတ် ၈၅ (က)တွင် မူလဖွင့်လှစ်ထားရှိသော အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို အများပြည်သူအလွယ်တကူသွားလာအသုံးပြုနိုင်မည့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်းရှိ အဆောက်အအုံသို့ ပြောင်းရွှေ့အသုံးပြုခွင့်ပြုလိုက်သည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စာအုပ်စာတမ်းပေါင်း ၁၇၂၅၅၆ ခု၊ စာနယ်ဇင်းပေါင်း ၄၃၅၅၈၀ ကျော်၊ ပေပုရပိုက် ၁၂၃၂၃ ခု၊ လက်ရေးစာ ၃၄၅ခု၊ ရှားပါးစာစု ၂၅၄၆၈ ခုနှင့် အခြားစာစုများကို စုဆောင်းထားရှိပြီး ပြည်သူများအား စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းစသည့် ပညာရပ်ဆိုင်ရာ အကြောင်းအရာ အချက်အလက်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။ စာမျက်နှာ ၁၇ သို့❖

**လက်ရှိကာလတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) တွင် စာကြည့်တိုက်သုံးပရိဘောဂများ၊ စက်ပစ္စည်းများအား သတ်မှတ်နေရာများတွင် ထည့်သွင်း တပ်ဆင်ခြင်း၊ နေရာချထားခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရပါသည်။ ထို့ပြင် e-Library နှင့် ဆက်စပ်လုပ်ငန်းများအား System တစ်ခုလုံးလည်ပတ်နိုင်ရေးအတွက် Management System ပိုင်းအား အသေးစိတ်စမ်းသပ်စစ်ဆေးခြင်း၊ Data Entry သွင်းခြင်း၊ e-Book(PDF) များကို System တွင် ချိတ်ဆက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ဟုလည်း သိခဲ့ရပါသည်။ ထို့အပြင် ရှားပါး စာအုပ်စာနယ်ဇင်း ၄၂၃၈၃ အုပ်/ စောင်၊ စာအုပ်စာနယ်ဇင်း ၃၈၀၈၃ အုပ်/ စောင်၊ ပေစာ ၂၄၆၇ ထုပ်တို့ကို ရွှေ့ပြောင်းထားရှိပြီး ကျန်ရှိသော စာပေပစ္စည်းများ ဆက်လက် ပြောင်းရွှေ့လျက်ရှိပါသည်။ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိ**









❖ စာမျက်နှာ ၁၆ မှ

၁၉၅၂ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဘားနဒ် အခလွတ်စာကြည့်တိုက်ကို လွှဲပြောင်းလက်ခံခဲ့ပြီး ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံတော် စာကြည့်တိုက် အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟောတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အမျိုးသား



စာကြည့်တိုက်ဟု အမည်ပြောင်းလဲခဲ့ပြီး ပန်းဆိုးတန်းလမ်းရှိ အဆောက်အအုံ၊ ရန်ကုန်မြို့တော်ခန်းမ၊ ကမ်းနားလမ်း ခြောက်ထပ်ရုံး၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးဒေါင့်ကန်လမ်းရှိ အဆောက်အအုံများသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် တာမွေမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက် အဆောက်အအုံ ပျက်စီးသွားသဖြင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်-၈၅ (က) သီရိမင်္ဂလာရိပ်သာလမ်းရှိ ယခင် သစ်တောရေးရာဝန်ကြီးဌာနရုံး အဆောက်အအုံဟောင်း နှစ်ခုတွင် ဖွင့်လှစ်ထားရှိခြင်း ဖြစ်သည်။

ထို့ကြောင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို အများပြည်သူအသုံးပြုနိုင်ရန် ရန်ကုန်မြို့လယ်သို့ ပြန်ပို့ရန်၊ ပြည်သူလူထုအတွက် အဆင်ပြေမည့် ရန်ကုန်မြို့လယ်ရှိ အဆောက်အအုံတစ်ခု စီစဉ်ပေးရန် ထိုစဉ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နာယက ဆရာကြီးဦးသော်ကောင်းက မေလ ၁၂ ရက်နေ့တွင် စာတစ်စောင်ပေးပို့၍ မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံ စာကြည့်တိုက် အသင်းဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ရန်ကုန် မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးတို့ကလည်း အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကုန်မြို့လယ်ရှိ သင့်လျော်သည့် အဆောက်အအုံတစ်ခုခု အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ မေလ ၆ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်သမ္မတထံ စာရေးသားပေးပို့ တင်ပြခဲ့ကြ၏။

အဆိုပါစာတွင် လက်ရှိဖွင့်လှစ်ထားရှိသော စာကြည့်တိုက်အဆောက်အအုံသည် အများပြည်သူ၏ မြင်ကွင်းနှင့်ဝေးသော သီးခြားဝင်းအတွင်းနေရာ၌ ရှိသဖြင့် ပြည်သူများ အလွယ်တကူ လာရောက်ဖတ်ရှုရန် ခက်ခဲသောကြောင့် သုတေသီများမှလွဲ၍ အများပြည်သူ လာရောက်ဖတ်ရှုမှုနည်းကြောင်း၊ ထို့ပြင် ရုံးအဆောက်အအုံဖွဲ့စည်းမှုဖြစ်သဖြင့် စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်း၊ အမျိုးသားစာကြည့်တိုက်ပြယုဂ်နှင့် ကိုက်ညီမှုမရှိခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း။

နိုင်ငံတကာတွင် အမျိုးသားစာကြည့်တိုက်များသည် ပြည်သူလူထု အလွယ်တကူဝင်၊ ထွက်သွားလာနိုင်သည့် နေရာများတွင် တည်ရှိကြပြီး နိုင်ငံတော်၏ စာပေအမွေအနှစ်များကို ထိန်းသိမ်းရာနှင့် အများပြည်သူ သုတေသနပြုနိုင်သော ဂုဏ်ယူစရာ ပြယုဂ်အဖြစ် တည်ရှိလျက်ရှိကြောင်း၊ အများပြည်သူ အလွယ်တကူ သွားလာအသုံးပြုနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင်အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကုန်မြို့လယ်တွင် ပေါ်ပေါက်လာရန်အတွက် သင့်လျော်မည့် ရန်ကုန်မြို့လယ်ရှိ အဆောက်အအုံတစ်ခုခု အသုံးပြုခွင့်နှင့်ပတ်သက်၍ လမ်းညွှန်မှုပြုပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်း ဖော်ပြပါရှိသည်။

၂၀၁၉ နိုဝင်ဘာလ ၂၇ ရက်နေ့။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)သို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရောက်ရှိပြီး စာကြည့်တိုက် အဆောက်အအုံ ပြင်ဆင်မွမ်းမံဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည့် မြင်ကွင်း။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အား နိုင်ငံသူ နိုင်ငံသား လူတန်းစားအလွှာအသီးသီး အသုံးချနိုင်ရေးအတွက် ဦးတည်၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်ကို အများပြည်သူ အလွယ်တကူ သွားလာနိုင်သော ရန်ကုန်မြို့လယ်နေရာကို ရွေးချယ်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ အများပြည်သူ အကြားအမြင်၊ ဗဟုသုတ၊ အတွေးအခေါ်များ မြင့်မားလာစေခြင်းဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးရှိလာမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများကို စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ငွေကြေးကုန်ကျသလောက် အကျိုးဖြစ်ထွန်းစေလိုပါကြောင်း။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို စာကြည့်တိုက်အင်္ဂါရပ်နှင့် လျော်ညီအောင် ဆောင်ရွက်ထားသည့်အပြင် ခေတ်မီအောင် တည်ဆောက်ထားသည်ကိုလည်း တွေ့ရပါကြောင်း၊ သတ်မှတ်သည့်ကာလအတွင်း အချိန်မီပြီးစီးအောင် အထူးဂရုပြု ဆောင်ရွက်စေလိုပါကြောင်း၊ တာဝန်ရှိသူအားလုံးက တိုင်းပြည်အပေါ် စေတနာထားပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

လက်ရှိကာလတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စာကြည့်တိုက်သုံးပရိဘောဂများ၊ စက်ပစ္စည်းများအား သတ်မှတ်နေရာများတွင် ထည့်သွင်းတပ်ဆင်ခြင်း၊ နေရာချထားခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရပါသည်။ ထို့ပြင် e-Library နှင့် ဆက်စပ်လုပ်ငန်းများအား System တစ်ခုလုံး လည်ပတ်နိုင်ရေးအတွက် Management System ပိုင်းအား အသေးစိတ် စမ်းသပ်စစ်ဆေးခြင်း၊ Data Entry သွင်းခြင်း၊ e-Book(PDF) များကို System တွင် ချိတ်ဆက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ဟုလည်း သိခဲ့ရပါသည်။

ထို့အပြင် ရှားပါးစာအုပ်စာနယ်ဇင်း ၄၂၃၈၃ အုပ်/ စောင်၊ စာအုပ်စာနယ်ဇင်း ၃၈၀၈၃ အုပ်/ စောင်၊ ပေစာ ၂၄၆၇ ထုပ်တို့ကို ရွှေ့ပြောင်းထားရှိပြီး ကျန်ရှိသော စာပေပစ္စည်းများ ဆက်လက် ပြောင်းရွှေ့လျက်ရှိပါသည်။ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။

စာဖတ်ခြင်းအလေ့အထကို အလေးထားသည့် နိုင်ငံများတွင် စာကြည့်တိုက်များသည် နိုင်ငံ၏ပြယုဂ်တစ်ခုဖြစ်လေရာ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)သည်လည်း မိမိတို့မြန်မာနိုင်ငံ၏ ပြယုဂ်တစ်ခုအဖြစ် မကြာမီ ပေါ်ထွန်းလာတော့မည် ဖြစ်ပါသည်။

ယဉ်ကျေးသော တိုင်းပြည်များတွင် စာကြည့်တိုက်ပေါင်းများစွာကို တွေ့ရတတ်သည်။ ကျွန်တော့်ရှေ့က မြို့ပတ်ရထားပေါ်ရောက် နိုင်ငံခြားသားတစ်ယောက်၏ စာဖတ်ခြင်းအနုပညာပုံရိပ်ကလည်း သူ့မိခင်နိုင်ငံ၏ ပုံရိပ်တစ်ခု၊ သင်္ကေတတစ်ခု။ သူသည် ရောက်လေရာနေရာတွင် အေးဆေးငြိမ်သက်စွာ စာဖတ်နေခြင်းဖြင့် ကမ္ဘာကြီး၏ ပြတင်းတံခါးကို အစဉ်ထာဝရ တွန်းဖွင့်နေခြင်းမည်ပေ၏။

ကျွန်တော်တို့သည်လည်း စာဖတ်ဖို့ လိုပါသည်။ ။

**စာဖတ်ခြင်းအလေ့အထကို အလေးထားသည့် နိုင်ငံများတွင် စာကြည့်တိုက်များသည် နိုင်ငံ၏ပြယုဂ်တစ်ခုဖြစ်လေရာ အမျိုးသား စာကြည့်တိုက်(ရန်ကုန်)သည်လည်း မိမိတို့ မြန်မာနိုင်ငံ၏ ပြယုဂ်တစ်ခုအဖြစ် မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်**



## သတင်းစုံကဏ္ဍ

### ကြက်သွန်နီသစ်များ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်

**ပခုက္ကူ။** ။မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ထွက် မိုးကြက်သွန်နီအသစ်များ ပခုက္ကူဈေးကွက်သို့ တစ်ရက်လျှင် ပိဿာချိန်တစ်သိန်းကျော် နေ့စဉ်ဝင်ရောက်လာကြောင်း ပခုက္ကူကြက်သွန်နီပွဲရုံများမှ သိရသည်။

ရေစကြိုနယ်ထွက် ကြက်သွန်နီဈေးကွက်အတွင်း အဝင်များလာသော်လည်း ကြက်သွန်ဈေးနှုန်း ကျပ် ၂၀၀၀ အောက်မကျသေးဘဲ ကျပ်၂၀၀၀အထက်တွင် ရှိနေသေးကြောင်း မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

### စိမ်းလန်းစိုပြည်ရေး အပင်ပေါင်း ၅၀၀၀၀ ကျော် စိုက်ပျိုးမည်

**မုံရွာ။** ။စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပူပိုင်းဇုန်သို့ကျရောက်လျက်ရှိသော ခရိုင်လေးခုရှိ မြို့နယ် ၁၄ မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အထူးစိမ်းလန်းစိုပြည်ရေးအတွက် အပင်ပေါင်း ၅၀၁၂၅ ပင် စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

### ယာဉ်အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်

**ပဲခူး။** ။ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရန်နှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ကော်ကော်မြင့်၊ လုပ်ငန်းလိုင်စင်နှင့် သက်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးငွေစိုးနှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ခရီးသည်တင်ယာဉ်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### သန်လျင်၌ အကြမ်းဖက်မှုအသိပညာပေးသင်တန်း ဖွင့်လှစ်

**ရန်ကုန်။** ။သက်ငယ်မုဒိမ်းနှင့် ကျား/မအခြေပြုအကြမ်းဖက်မှုအသိပညာပေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## တရုတ်နိုင်ငံခရီးသွားအဖွဲ့ တာချီလိတ်နယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာ



**တာချီလိတ် ဒီဇင်ဘာ ၁၈**

ဒေသတွင်းနိုင်ငံ လေးနိုင်ငံကို ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် စီးနင်း၍ B&R International Rally ခရီးစဉ်ဖြင့် လိုက်ပါလာသည့် တရုတ်ခရီးသွား ၁၂၀ သည် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁)ချစ်ကြည်ရေးတံတား တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

တရုတ်နိုင်ငံသား Mr. BaiBaolin ဦးဆောင်ပါဝင်သောအဖွဲ့ဝင် ၁၂၀ တို့သည် ဒီဇင်ဘာ ၈ ရက်က ကိုယ်ပိုင်မော်တော်ယာဉ် ၄၅ စီးဖြင့် မြန်မာနိုင်ငံသို့ မြဝတီနယ်စပ်ဂိတ်မှ ဝင်ရောက်၍ မြဝတီ-ရန်ကုန်-နေပြည်တော်-ပုဂံ-မန္တလေး - နမ့်စန် - ကျိုင်းတုံနှင့် တာချီလိတ်မြို့များသို့ လေ့လာရေး ခရီး သွားရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း တာချီလိတ်မြို့ နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကိုယ်ပိုင်မော်တော်ကား၊ ဆိုင်ကယ်များဖြင့် နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုများပြားလာပြီး ယခုခရီးစဉ်မှာ ခရီးသွားအများဆုံး ပါဝင်သည့်ခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ-ထိုင်း နှစ်နိုင်ငံစက်ဘီးစီးအဖွဲ့များ ကျိုင်းတုံမြို့မှ ပြန်လည်တာထွက်



**ကျိုင်းတုံ ဒီဇင်ဘာ ၁၈**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်ဖြင့် တာချီလိတ်-ကျိုင်းတုံ-တာချီလိတ်ခရီးစဉ် စက်ဘီးစီးပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာနှင့် ထိုင်းနိုင်ငံသားများပါဝင်သည့် စက်ဘီးစီးအဖွဲ့ဝင်များသည် ကျိုင်းတုံမှ တာချီလိတ်သို့ ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီက စတင်တာထွက်ကြသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲတွင် ထိုင်းနိုင်ငံသား ၆၄ ဦးနှင့် မြန်မာနိုင်ငံသား ၆၀ ကျော်ပါဝင်သည့် အပျော်တမ်းစက်ဘီးစီးအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်တွင် တာချီလိတ်မှ ကျိုင်းတုံသို့ စီးနင်းခဲ့ကြပြီး ကျိုင်းတုံမြို့တွင် ညအိပ်ရပ်နားကာ ဒီဇင်ဘာ ၁၆ ရက်တွင် ကျိုင်းတုံမြို့အတွင်း လည်ပတ်စီးနင်းပြီးနောက် ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် ကျိုင်းတုံမြို့ ရွှေတြိဂံအပန်းဖြေစခန်းရှေ့မှ တာချီလိတ်သို့ စတင်တာထွက်ကြကြောင်း သိရသည်။ **ရဲထက်ဦး(ပြန်/ဆက်)**

## တမူးမြို့မရဲစခန်းနှင့် တရားရုံးများအား စစ်ဆေး

**တမူး ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမျိုးမောင်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တမူးခရိုင် တမူးမြို့နယ်ရှိ မြို့မရဲစခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အချုပ်ခံရသူများ၏ အဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဥပဒေနှင့်အညီ အခွင့်အရေးများ ခံစားရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ/မရှိ ၊ ဆေးဝါးကုသခွင့် ရှိ/မရှိတို့အား တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းတရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့တို့သည် တမူးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတွင် တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မှုခင်းများကို အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ဆုံးဖြတ်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**



အိန္ဒိယနိုင်ငံ Varanasi မြို့တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် နိုင်ငံတကာတိုင်းရင်းဆေးကုသမှုဆိုင်ရာညီလာခံသို့ တက်ရောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမိုးဆွေနှင့်အဖွဲ့ ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ [အဆိုပါ အဖွဲ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသံလွင်ထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး) ဦးသန်းညွန့်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ)၊ ရှမ်းပြည်နယ် ပြည်နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးကျော်ဆွေနှင့် တိုင်းရင်းဆေးဝါးစက်ရုံ ဒုတိယစက်ရုံမှူး ဦးကျော်စွာဝင်းတို့ လိုက်ပါသွားကြသည်။] ကြေးမုံ

## ကျေးလက်ကျန်းမာရေး ဌာနခွဲအဆောက်အအုံ ဖွင့်လှစ်

**မြောင်းမြ ဒီဇင်ဘာ ၁၈**

မိုးလေဝသပညာရှင် ဆရာကြီး ဒေါက်တာ ဦးထွန်းလွင်၊ ဇနီး ဒေါ်မူမူသန်း မိသားစုလှူဒါန်းသည့် မြောင်းမြမြို့နယ် ကဝက်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက အဆိုပါ ဆေးပေးခန်း အဆောက်အအုံရှေ့၌ ကျင်းပသည်။

ကဝက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို အလှူရှင် မိုးလေဝသ ပညာရှင် ဆရာကြီးဒေါက်တာ ဦးထွန်းလွင်၊ ဇနီး ဒေါ်မူမူသန်း မိသားစုက မတည်၍ အလှူရှင် ၈၆ ဦးတို့က စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။

(၃၀x၄၂) ပေ၊ အုတ်တစ်ထပ်တိုက် ကွန်ကရစ်ခင်းသွပ်မိုး၊ လူနာခုတင်၊ သားဖွားခုတင်အပါအဝင် ကျပ်သိန်း ၁၈၀ ခန့်ကုန်ကျခံကာ ကျေးလက်ဆေးပေးခန်း စံကိုက်အညီ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## အစားအသောက်နှင့် အလှကုန်ပစ္စည်းများအား စစ်ဆေး

**ရမည်းသင်း ဒီဇင်ဘာ ၁၈**

ရမည်းသင်းမြို့ မြို့မဈေးကြီးအတွင်း အစားအသောက်နှင့် အလှကုန်ပစ္စည်းများ ရောင်းချနေမှုကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးသည်။

မြို့မဈေးအတွင်းအပြင် ရောင်းချလျက်ရှိသောဆေးဆိုင်များကို မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီ၊ မတ္ထီလာခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီ၊ ရမည်းသင်းမြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့်ဝန်ထမ်းများ၊ မြို့မဈေးကော်မတီဝင်များက အဖွဲ့သုံးဖွဲ့ခွဲ၍ အစားအသောက်နှင့် အလှကုန်ပစ္စည်းများကိုဝယ်ယူပြီး ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**



**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရှင်လန်း၏**




တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဂွမ်ဒေါင်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် Thero Ming Sheng ဦးဆောင်သည့်ဆရာတော်များ၊ အလှူရှင်များက ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဆေးပဒေသာပင်အတွက် နဝကမ္မအလှူတော် ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းစဉ်။ **တင်မောင်(မန်းကိုယ်ပွား)**

# အိန္ဒိယနိုင်ငံမှ ပေးအပ်သည့် Ph.D Buddhism ဘွဲ့ မြန်မာနိုင်ငံမှ ဆရာတော်ဘဒ္ဒန္တနိမလအားဆက်ကပ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**
အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ Hotel Hindustan International ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည့် 21st International Astrology Spiritual & Vastu Conference 2019 အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် ရွှေဂုံတိုင်လမ်းရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တနိမလက Ph.D Buddhism လက်ခံရရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတကာမှ နက္ခတ္တဗေဒပညာရှင်များနှင့် နည်းပညာပိုင်းဆိုင်ရာပညာရှင် ၃၀ ကျော်တို့အားဘွဲ့များချီးမြှင့်ခဲ့ရာ ဆရာတော်က ပိဋကတ်တော်လာမြတ်ဗုဒ္ဓ၏ ဓမ္မ




ပန်းကုံးများစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြရာ Ph.D Buddhism ဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်သည်။
**ဇာနည်မောင်**

# ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၈**
ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ခံဦးတင်ရှိန်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်္ဃန်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များတွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက သဃ်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ခံဦးတင်ရှိန်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းကျစေရေးဆိုသည့် စံ(၅)ချက်နှင့်အညီကျင်းပသွားမည်ဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာလုပ်ငန်းစီမံချက်ပါ အပိုင်း(၃)ဖြစ်သည့် ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကိုလစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရွေးကောက်ပွဲသတ်မှတ်ကာလမတိုင်မီအထိ အောင်မြင်စွာလက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာကျော်စိုးဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌဦးဌေးမြင့်တို့က သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းမြို့နယ်၊ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲလုပ်ငန်းစဉ်များကို ပြောကြားသည်။ **ကျော်တင့်ထွန်း(ပြန်/ဆက်)**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**မူဆယ်**
မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၌ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်(အကြို) ဟောပြောခဲ့သည်။

မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက "မမေ့အပ်သောလွတ်လပ်ရေးနေ့" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

**ကျွန်းစု**
(၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ကဗျာရွတ်ပြိုင်ပွဲကို "အညံ့မခံဇာတိမာန်" ကဗျာဖြင့် အမက ကမ်းဇော်တော်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တက်ရောက်လာသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ ခင်းကျင်းပြသထားသည့် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ မိန့်ခွန်းကောက်နုတ်ချက်များပါဝင်သည့် နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုလေ့လာမှတ်သားခဲ့ကြသည်။ **စည်သူရအောင်(ကျွန်းစု)**

**မန္တလေး**
(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး အလွတ်တန်း(ကျား၊မ)၊ လူသစ်တန်း(ကျား၊မ) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို ဒီဇင်ဘာ ၁၅ ရက်မှ ၃၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၆ နာရီခွဲထိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများ၊ ပန်းဥယျာဉ်နှင့်က စားကွင်းများဌာန(မနော်ရမ္မံဥယျာဉ်)၊ အားကစားနှင့် ကာယပညာဦးစီးဌာန(ဗထူးကွင်း)နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့တို့တွင် ပြိုင်ပွဲဝင်လျှောက်လွှာ တစ်စောင်လျှင်ကျပ် ၃၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# အချိန်တိုအတွင်း သိသာထင်ရှားစွာ အကျိုးပြုနိုင်မည့် ရေနုတ်မြောင်းများတူးဖော်

**တောင်ငူ ဒီဇင်ဘာ ၁၈**
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် စိုက်ပျိုးရေပေးဝေရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့် ကျခံပြီး ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးအတွက် အချိန်တိုအတွင်း သိသာထင်ရှားစွာ အကျိုးပြုနိုင်သည့် ရေနုတ်မြောင်း ၂၅ မြောင်းကို တူးဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။

အဆိုပါတူးဖော်မည့် ရေနုတ်မြောင်း ၂၅ ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးခု၊ ပဲခူးတိုင်းဒေသကြီးတွင် ရှစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ခြောက်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငါးခု စုစုပေါင်း ၂၅ မြောင်းတို့ဖြစ်သည်။

ရေနုတ်မြောင်း ၂၅ မြောင်း တူးဖော်ဆောင်ရွက်ရာတွင် တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ အိုးထိန်းချောင်းအတွင်းသို့စီးဝင်သော ဆက်စပ်ချောင်းခွဲ ရှစ်ခုအနက်မှ စမ်းတွင်းရိုးနှင့် ဘုန်းလေးချောင်းရိုး နှစ်ခုကို ဒီဇင်ဘာ ၃ ရက်မှစတင်၍ ဆောင်ရွက်




နေပြီဖြစ်ရာ ပင်မအိုးထိန်းချောင်းမကြီး အလျားရှစ်မိုင် အား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တူးဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ကျန်ရှိသော ပင်မအိုးထိန်းချောင်းသို့စီးဝင်သော ဆက်စပ်ချောင်းခွဲ ရှစ်ခုကို ယခုဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် တူးဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလသည် တောင်သူများ နွေစပါးစိုက်ပျိုးရာသီနှင့် တိုက်ဆိုင်နေခြင်းကြောင့် တောင်သူများ၏ စိုက်ပျိုးခင်းများချန်လှပ်ပြီး လွတ်နေသည့်နေရာများကို ဆက်လက်တူးဖော်သွားမည်ဖြစ်ပြီး ကျန်ရှိသောအပိုင်းများကို နွေစပါးရိတ်သိမ်းပြီးချိန် ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


ကျန်ရှိသော ဆက်စပ်ချောင်းခွဲ ရှစ်ခုကိုပါ တူးဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် လယ်မြေဧက ၁၀၅၀၀ ကို ရေကြီးနစ်မြုပ်ခြင်းမှ လျော့နည်းသက်သာသွားမည်ဖြစ်ကြောင်း သိရသည်။ **သူရ (တောင်ငူ)**

# ရှမ်းပြည်နယ်စိုက်ပျိုးရေးစုံညီပွဲတော်ကျင်းပရေးညှိနှိုင်းစည်းဝေး

**တောင်ကြီး ဒီဇင်ဘာ ၁၈**
ရှမ်းပြည်နယ် စိုက်ပျိုးရေးစုံညီပွဲတော် (Shan State Agriculture Symposium) ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပမည့် ရှမ်းပြည်နယ် စိုက်ပျိုးရေးစုံညီပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က ရှမ်းပြည်နယ်စိုက်ပျိုးရေးစုံညီပွဲတော်ကျင်းပရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းရာ တက်ရောက်လာကြသည့် ကော်မတီဝင်များက အထွေထွေဆွေးနွေးကြကြောင်း သိရသည်။
**မောင်မောင်သန်း(တောင်ကြီး)**

# ဇန်နဝါရီဈေးကွက်တွင် ပေါ့ဘာအား အသင်းမှထွက်ခွာခွင့်ပြုမည်မဟုတ်ဟု ဆို



မန်ယူအသင်းဟာ အသင်းရဲ့ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်တဲ့ ပေါ့ဘာကို ဇန်နဝါရီဈေးကွက်အတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပြုမှာမဟုတ်ကြောင်း ပြောကြားလာပါတယ်။

ကွင်းလယ်ကစားသမားပေါ့ဘာဟာ ခြေချင်းဝတ်ဒဏ်ရာကြောင့် နှစ်လကြာအသင်းနဲ့အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပြီး ဒဏ်ရာပြဿနာပြန်လည်သက်သာလာချိန်မှာလည်း အဖျားရောဂါရှိနေသဖြင့် ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်လူပေါ့ဘာဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ခြောက်ပွဲသာ ပွဲထွက်ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီခြောက်ပွဲမှာ ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာ ကျန်းမာရေးကောင်းနေပြီဖြစ်လို့ ပေါင် ၈၉ သန်းတန် ကွင်းလယ်ကစားသမား ပေါ့ဘာကို သူ့အစ်ကို ဖလော်ရန်တင်ရဲ့ မင်္ဂလာဆောင်ကိုသွားဖို့ မန်ယူအသင်းအနေနဲ့ ခွင့်ပြုပေးထားတယ်လို့ သိရပါတယ်။

ပေါ့ဘာရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၁၈ လ ကျန်ရှိနေသေးပြီး မန်ယူအသင်းအနေနဲ့ နောက်ထပ်တစ်နှစ်စာချုပ်သက်တမ်းတိုးခွင့်ရှိသော်လည်း ပေါ့ဘာအနေနဲ့ စာချုပ်သက်တမ်းတိုးမှာမဟုတ်ဘူးလို့ ဆိုပါတယ်။

မန်ယူအသင်းအနေနဲ့ကတော့ ပေါ့ဘာကိုအသင်းကနေ ထွက်ခွာခွင့်ပြုမှာမဟုတ်ကြောင်းနဲ့ လာမယ့်လအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုနိုင်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

# လီရှိုင်းဆာနေး ဘိုင်ယန်သို့ ပြောင်းမည်

မန်စီးတီးအသင်းတောင်ပံကစားသမား လီရွိုင်းဆာနေးဟာ လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ကစားမယ်လို့ ပြောကြားလာပါတယ်။

ဆာနေးကို ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူချင်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာလည်း ဂျာမနီကြယ်ပွင့်ဆာနေးကို ခေါ်ယူနိုင်ဖို့ ချဉ်းကပ်မှုတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။

ဆာနေးဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီအတွင်းက မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် ၄၇ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၆ ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၈ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အင်္ဂလန်နောက်ခံလူအက်ရှ်လေယန်း အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည်



နောက်တန်းကစားသမား အက်ရှ်လေယန်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းကနေ ထွက်ခွာဖို့ မျှော်လင့်ထားပြီး ဇန်နဝါရီဈေးကွက်အတွင်းမှာ အခြားသောကလပ်အသင်းတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်သွားရန် အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

အက်ရှ်လေယန်းရဲ့ မန်ယူအသင်းနဲ့ စာချုပ်သက်တမ်းဟာ ခြောက်လကျန်ရှိနေသေးပြီး မန်ယူအသင်းက အခုနှစ်ဘောလုံးရာသီမကုန်မီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခွင့်ပြုမယ်လို့လည်း ဆိုပါတယ်။

နောက်ခံလူ အက်ရှ်လေယန်းဟာ ဇူလိုင်လအတွင်းမှာ ၃၅ နှစ်ပြည့်မှာဖြစ်တာကြောင့် မန်ယူအသင်းနည်းပြ ဆိုးရှားက စာချုပ်သစ်ချုပ်ဆိုရေး ကမ်းလှမ်းမှုတစ်စုံတစ်ရာ ပြုလုပ်ထားခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

သို့ရာတွင် အင်္ဂလန်နောက်တန်းကစားသမား အက်ရှ်လေယန်းကမူ ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း၊ ပရီမီယာလိဂ်နဲ့ ချန်ပီယံရှစ်ကလပ်အသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိကြောင်းနဲ့ ပြည်ပသို့ ထွက်ကစားရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

အက်ရှ်လေယန်းဟာ ၂၀၁၁ ခုနှစ်က အက်စ်တွန်ဗီလာအသင်းကနေ မန်ယူအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ လက်ရှိအချိန်အထိ ပွဲပေါင်း ၂၅၀ ကျော် ပါဝင်ကစားပေးထားပြီး ဖြစ်ပါတယ်။ နောက်တန်းကစားသမား ဗလင်စီယာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အသင်းကနေ ထွက်ခွာသွားခဲ့တာကြောင့် လက်ရှိမှာအက်ရှ်လေယန်းအနေနဲ့ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူနေရတာဖြစ်ပါတယ်။

## အနုပညာ



# ပြန်ဆိုတေးနဲ့ ပရိသတ်ကို ခရစ္စမတ်လက်ဆောင်ပေးခဲ့တဲ့ ရို့စ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ရို့စ်ဟာ အမျိုးသမီးတေးဂီတအဖွဲ့ "BLACK PINK" ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ သူဟာ ယခုနှစ်ခရစ္စမတ်လက်ဆောင်အဖြစ် ခရစ္စမတ်တေးသီချင်းဟောင်းတစ်ပုဒ်ကို ပြန်လည်သီဆိုထုတ်လွှင့်ပေးခဲ့ကာ ပရိသတ်တွေအတွက် ခရစ္စမတ်လက်ဆောင်ပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရို့စ်ဟာ တေးသံရှင် နက်ထ်ကင်းကိုးလ်ရဲ့ "The Christmas Song" တေးသီချင်းကို ပြန်လည်ဆန်းသစ်သီဆိုပြီး ဒီဇင်ဘာ ၁၈ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းဟာ "BLACK PINK" ပရိသတ်တွေအတွက် ခရစ္စမတ်လက်ဆောင်လည်း ဖြစ်ပါတယ်။

တေးသီချင်းထုတ်လွှင့်ပေးသွားမယ့်အကြောင်းကို အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က တရားဝင် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဆိုပါ တေးသီချင်းကို ယူကျူပေါ်မှာလည်း နားဆင်နိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ရွှေကမ္ဘာလုံးဆုပေးပွဲကို Parasite သရုပ်ဆောင်နှစ်ဦး တက်ရောက်မည်

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ Parasite ဟာ ယခုနှစ် ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့ပါတယ်။ အဆိုပါ ဆုပေးပွဲအခမ်းအနားကို ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ မင်းသမီး ဂျိုယိုဂျန်နဲ့ လီဂျန်အွန်းတို့ တက်ရောက်သွားမှာဖြစ်ကြောင်း လတ်တလော ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၁၈ ရက်မှာ ဂျိုယိုဂျန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ ကိုယ်စားလှယ်တစ်ဦးက မင်းသမီးအနေနဲ့ (၇၇) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲ တက်ရောက်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဂျိုယိုဂျန်ဟာ အဆိုပါဆုပေးပွဲကို အနုပညာလုပ်ရှားမှုအစီအစဉ်တွေ များပြားနေတဲ့အကြားက တက်ရောက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ သူဟာ လက်ရှိမှာ KBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်မယ့် "Woman of 9.9 Billion" ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ဆုပေးပွဲအခမ်းအနား တက်ရောက်ပြီးနောက် အမေရိကန်မှာ အချိန်ရရင်ရသလောက် နေထိုင်သွားမှာဖြစ်ကြောင်းလည်း အေဂျင်စီဘက်က ပြောကြားခဲ့ပါတယ်။

လီဂျန်အွန်းရဲ့ အေဂျင်စီကလည်း အလားတူ ထုတ်ပြန်မှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အေဂျင်စီရဲ့ ပြောကြားချက်အရ လီဂျန်အွန်းဟာ လာမယ့် နှစ်စမှာ ရွှေကမ္ဘာလုံးဆုပေးပွဲ တက်ရောက်မှာဖြစ်ပြီး သူဟာ အမေရိကန်မှာ တစ်လခန့်နေထိုင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ သူ့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာတွေကြောင့် တစ်လခန့် နေထိုင်မှာဖြစ်ပြီး မိသားစုတွေလည်း သူနဲ့အတူ လိုက်ပါသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

၂၀၁၉ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ Parasite ဟာ ရွှေကမ္ဘာလုံးဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယားရုပ်ရှင်လည်း ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ဟာ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံးနိုင်ငံခြားဘာသာစကားရုပ်ရှင်နဲ့ အကောင်းဆုံး ဇာတ်ညွှန်းဆုတွေအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အော်စကာဆန်ခါတင်စာရင်းမှာလည်း အဆိုပါရုပ်ရှင်ပါဝင်ခဲ့ပါတယ်။ "International Feature Film" ဆုနဲ့ ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေး A Glass of Soju နဲ့ အကောင်းဆုံး တေးဂီတဆုတို့အတွက် လျာထားစာရင်းဝင်ခဲ့ကြောင်းလည်း သိရပါတယ်။



ဂျိုယိုဂျန် | လီဂျန်အွန်း

# မိုင်လီဆိုင်းရပ်စ်နဲ့ တွဲဖက်ကာ တေးသီချင်းသစ် ဖန်တီးသွားမယ့် ကော်ဒီဆင်မ်ဆမ်

ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲရဲ့ တေးသီချင်းသစ်ကိုလည်း မကြာမီ နားဆင်ခွင့်ရတော့မှာဖြစ်ပါတယ်။ တေးသံရှင် ကော်ဒီဆင်မ်ဆမ်က သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ချစ်သူ မိုင်လီဆိုင်းရပ်စ်နဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းသစ် ထည့်သွင်းသွားဖို့ရာ ဆန္ဒရှိကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

ယခုလအစပိုင်းမှာ ကော်ဒီက သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။ ဒီလို ထုတ်လွှင့်ခဲ့ချိန်မှာ တေးသံရှင်က သူနဲ့ မိုင်လီဆိုင်းရပ်စ်တို့ရဲ့ တေးသီချင်းသစ် ဖန်တီးမယ့်အစီအစဉ်နဲ့ပတ်သက်ပြီး အီးနယူးစ်ကို ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# သစ်တောသုတေသနဌာန သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန၏ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာန (ရေဆင်း)၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာနအနေဖြင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် "သုတေသနမှသည်ဖွံ့ဖြိုးမှုဆီသို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း သုတေသနလုပ်ငန်းများကို အားပေးပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သုတေသီများအနေဖြင့် သုတေသနလုပ်ငန်းများကို စနစ်တကျ စဉ်ဆက်မပြတ်ဆောင်ရွက်ကြမှသာ လက်တွေ့နယ်ပယ်တွင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်မည်ဖြစ်ပါကြောင်း၊ မျက်မှောက်ကာလတွင် ရင်ဆိုင်နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် စိန်ခေါ်မှုများကို ထိရောက်သည့်သုတေသနလုပ်ငန်းများ၏ ပံ့ပိုးကူညီမှုဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည့်အတွက် သုတေသနလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်ဖြင့် တိုးမြှင့်ရန်လိုအပ်ပါကြောင်း။

ယနေ့ဖတ်ကြားမည့် စာတမ်းများသည် ပညာရပ်နယ်ပယ်စုံလင်ပြီး သစ်တော၊ သတ္တဝါနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် စာတမ်းများဖြစ်ပါကြောင်း၊ ယခုစာတမ်းဖတ်ပွဲမှ အရည်အချင်းပြည့်ဝသော လူငယ်မျိုးဆက်သစ်သုတေသီများ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်ပေးကြရန်နှင့် အနာဂတ်လူ့ဘောင်နှင့် နိုင်ငံတော်အတွက် အကျိုးများစေမည့် သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သစ်တောသုတေသနဌာနမှ ဦးစီးအရာရှိ ဒေါက်တာဇာခြည်လှိုင်က "သက်ကြီးစိုက်ခင်းများအတွင်း ဓမ္မတာမျိုးဆက်ခြင်းကို အထောက်အကူဖြစ်စေမည့် သစ်တောစိုက်ခင်းပြုစုနည်းစနစ်များအား နှိုင်းယှဉ်လေ့လာခြင်း" စာတမ်း၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီရိတိုးခိုင်က "ရာသီအလိုက် ခြောက်သွေ့တောများ၏ composition၊ diversity နှင့် structure များ ရှင်သန်ပေါက်ရောက်မှုအတွက် ဆုံးဖြတ်ပေးသည့်အရာများ" စာတမ်း၊ မြန်မာ့သစ်လုပ်ငန်းမှ သစ်အုပ်ကြီး ဦးကျော်ဝင်းက "ပဲခူးရိုးမအနောက်ဘက်ရှိ ကျွန်းစိုက်ခင်းများ သဘာဝမျိုးဆက်ပင်များ ရောနှောပေါင်းစပ်ဖွဲ့စည်းပုံနှင့် သဘာဝမျိုးဆက်ပင် အမျိုးအစားများအား လေ့လာဆန်းစစ်ခြင်း"စာတမ်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဒေါ်ဝေမိုးလှိုင်က "အမြင့်ပေခြားနားခြင်းအလိုက် တောတစ်တော၏ ပါဝင်သောသစ်မျိုးများ၊ သစ်မျိုးစုံလင်မှုနှင့် တော၏ဖွဲ့စည်းပုံအခြေအနေပြောင်းလဲမှုတို့ကို လေ့လာဆန်းစစ်ခြင်း" စာတမ်းနှင့် သစ်တောသုတေသနဌာနမှ လက်ထောက်သုတေသနအရာရှိ ဒေါ်ခင်မာမြင့်က "တမလန်းပင်များတွင် သဘာဝအလျောက် အင်းဆက်ဖျက်ပိုးကျရောက်မှုနှင့် နှိမ်နင်းခြင်းနည်းလမ်းများအား လေ့လာခြင်း"စာတမ်းတို့ကို ဖတ်ကြားကြသည်။

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သစ်တောသုတေသနဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က "စိုက်ခင်းတည်ထောင်ရာတွင် တောင်ယာခုတ်မီးရှို့ခြင်းနည်းလမ်းကြောင့် မြေဆီလွှာ၏ ဂုဏ်သတ္တိအပေါ် အကျိုးသက်ရောက်မှုများကို လေ့လာခြင်း" စာတမ်း၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဒေါ်ခန့်ကိုလှိုင်က " Nutrients (နိုက်ထရိုဂျင်နှင့် ဖော့ဖရပ်)တို့ကို စုပ်ယူနိုင်စွမ်းအပေါ်တွင် ကြားခံနယ် သစ်တောအကျယ်များ၏ အကျိုးသက်ရောက်မှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Taihu Lake ၌ လေ့လာခြင်း" စာတမ်း၊ သစ်တောသုတေသနဌာန လက်ထောက်သုတေသနအရာရှိ ဒေါ်သီတာဆွေက " ရေ၏ရူပဓာတုနှင့် ရေညှိပေါက်ဖွားမှုအခြေအနေကို မူတည်၍ ရေဆင်းဆည်၏ ရေအရည်အသွေးအား ဆန်းစစ်ခြင်း" စာတမ်း၊ သစ်တောဦးစီးဌာနမှ ဦးထင်လင်းအောင်က "ဩစတြေးလျမြောက်ပိုင်းရှိ တူးဖော်ပြီး ဘော့ဆိုက်သတ္တုတွင်းအား ပြန်လည်ထူထောင်ခြင်း အပူပိုင်းသစ်တော (wet/dry tropics) ၏ ဒေသမျိုးများ ပြန်လည်ပေါက်ရောက်မှုအပေါ် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း နည်းစနစ်၊ စူပါဖော့စဖိတ် မြေဩဇာသုံးစွဲခြင်းနှင့် မြေပြုပြင်ခြင်းတို့၏ အကျိုးသက်ရောက်မှုကို ထိန်းချုပ်စမ်းသပ်မှုဖြင့် လေ့လာခြင်း" စာတမ်းနှင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးချမ်းမောင်က " အသေးစားနှင့် အလတ်စား ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုနှင့် သစ်တောများအပေါ် အကျိုးသက်ရောက်မှု" စာတမ်းတို့ကို ဖတ်ကြားကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောအရာရှိကြီးများ၊ သစ်တောပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် သုတေသီများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် (၃၁)ကြိမ်မြောက် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှ စာတမ်းရှင်များနှင့် သုတေသီများက စာတမ်း ၃၆ စောင်ကို ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့ ရွှေကျွန်းသာအပန်းဖြေစခန်း ဒီဇင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်မည်

**ရွှေဘို ဒီဇင်ဘာ ၁၈**

ရွှေဘိုမြို့နယ် ဧရာဝတီမြစ်အတွင်းရှိ ရွှေကျွန်းသာသဲသောင်ပြင် အပန်းဖြေစခန်းကို ဒီဇင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရွှေကျွန်းသာသဲသောင်ပြင် အပန်းဖြေစခန်းအကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

ရွှေကျွန်းသာသဲသောင်ပြင်အပန်းဖြေစခန်းသည် ရွှေဘိုမြို့နယ် ဆည်ပင်ကျွန်းကျေးရွာနှင့် မခေါက်ကျေးရွာအနီးအကျယ် ခြောက်ကေခန့်ရှိ ဧရာဝတီမြစ်အတွင်း သောင်ပြင်ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး လာရောက်လည်ပတ်သူများ အပန်းဖြေနိုင်ရေးဘန်ဂလို ၂၀၊ လှေငါးစီး၊ ဖောက္ကင်းအခု ၅၀၊ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုနိုင်သည့် မျှော်စင်သုံးခု၊ ရေလျှောစင်တို့ကို စီစဉ်ပေးထားကြောင်း သိရသည်။

"သဲပန်းပုတွေကတော့ ဖွင့်ပွဲပြီးနောက်ပိုင်းမှာမှ နွယ်ငြိမ်းကျေးရွာက စဉ့်လုပ်ငန်းပညာရှင် တွေလာပြီးတော့ ထုလုပ်နိုင်မှာပါ၊ အပန်းဖြေစခန်းကို လာရောက်လည်ပတ်ကြတဲ့ ဧည့်သည်တွေအတွက် စားသောက်ဆိုင်တွေကိုလည်း စီစဉ်ပြီးသွားပြီ၊ အပန်းဖြေစခန်းဖွင့်တဲ့ကာလအတွင်းမှာလာရောက်လည်ပတ်ကြတဲ့ပြည်သူတွေထဲက လှေလှော်တာကို ဝါသနာပါလို့ သင်ယူနိုင်ဖို့အတွက် မန္တလေးလှေလှော်အဖွဲ့ချုပ်ကလာပြီးတော့ သင်တန်းပေးနိုင်အောင် စီစဉ်ပေးထားတယ်၊ အပန်းဖြေစခန်း အနီးဝန်းကျင် ဧရာဝတီမြစ်အတွင်းမှာ ဧရာဝတီလင်းပိုင်တွေကိုလည်း ကြည့်ရှုလေ့လာနိုင်မှာဖြစ်တဲ့အတွက် လာရောက်လည်ပတ်ကြဖို့ဖိတ်ခေါ်ပါတယ်"ဟု ဦးမျိုးညွန့်က ပြောသည်။



လာရောက်လည်ပတ်လိုသည့်ဧည့်သည်များအနေဖြင့် ရွှေဘိုမြို့မှ မခေါက်ကျေးရွာသို့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့်လည်းကောင်း၊ ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာမှ ဧရာဝတီမြစ်ကြောင်းအတိုင်းလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း လည်းကောင်း၊ စဉ့်ကူးမြို့နယ်ဘက်ရှိ မော်တောမြင်သာ ဘုရားလှေဆိပ်မှ ဧရာဝတီမြစ်ကို ဖြတ်ပြီး စက်လှေများဖြင့်လည်းကောင်း လာရောက်လည်ပတ်နိုင်သည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# လျှပ်စစ်ဓာတ်အား မပြတ်တောက်ရေး ဓာတ်အားခွဲရုံများ တိုးချဲ့ဖွင့်လှစ်မည်

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးတွင် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားမပြတ်တောက်ရေးအတွက် ဓာတ်အားခွဲရုံ ခုနစ်ရုံ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးမှာ နွေရာသီဓာတ်အားမပြတ်တောက်ရေးအတွက်မိတ္ထီလာမြို့နယ်တွင် ညောင်မြင့်ဓာတ်အားခွဲရုံတစ်ရုံ၊ပျော်ဘွယ်မြို့နယ်တွင် ရွှေညောင်ဖူးတစ်ရုံ၊ မြင်းခြံမြို့နယ်တွင် ဝက်လူးဓာတ်အားခွဲရုံတစ်ရုံ၊ နွားထိုးကြီးမြို့နယ်တွင် ငမြာကြီးဓာတ်အားခွဲရုံတစ်ရုံ၊ အမရပူရမြို့နယ်တွင်စွယ်တော်ဓာတ်အားခွဲရုံတစ်ရုံ၊ချမ်းအေးသာစံမြို့နယ်တွင် ဝါခင်းကုန်းဓာတ်အားခွဲရုံတစ်ရုံနှင့် မတ္တရာမြို့နယ်တွင် ဓာတ်အားခွဲရုံတစ်ရုံ စုစုပေါင်း ၆၆ KV နှင့် ၃၃KVဓာတ်အားခွဲရုံခုနစ်ရုံတည်ဆောက်ပြီးစီးကာတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးတင်အောင်က ပြောသည်။

### စီမံကိန်းများချမှတ် ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီးတွင်230KVဓာတ်အားခွဲရုံခုနစ်ရုံ၊ 132KV ဓာတ်အားခွဲရုံ ၁၀ ရုံ စုစုပေါင်း ပင်မဓာတ်အားခွဲရုံ ၁၇ ရုံဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မိမိတို့ဌာနအနေဖြင့်ပြည်သူများဓာတ်အားအလုံအလောက်ရရှိရေး၊ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေး၊လျှပ်စစ်အန္တရာယ်ကင်းဝေးရေး၊အရည်အသွေးပြည့်မီသောလျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပျက်ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားအပြည့်အဝပေးနိုင်ရေး ဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားပေးစက်ရုံကြီးများကို ရေတို၊ ရေရှည်စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ဓာတ်အားခွဲရုံခုနစ်ရုံ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် ပလက်တီနမ်ပုသိမ်စီမံကိန်းတည်ဆောက်နေမှု ၅၅ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပန်းဖြေကမ်းခြေများဖြစ်ကြသည့် ရန်ကုန်မှ ချောင်းသာနှင့် ငွေဆောင်သို့ အသွားအပြန် ကားလမ်းဘေး မြေဧက ၁၅ ဒသမ ၂၈ ဧကအကျယ်အဝန်းပေါ်တွင် တည်ဆောက်နေသည့် ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် ပလက်တီနမ်ပုသိမ်(Platinum Pathein) စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းသည် ယခုအခါ တစ်ခုလုံး၏ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့ ဝန်ကြီးများရုံးမြေညီထပ်၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အမေရိကန်ဒေါ်လာသန်း ၃၀ ကုန်ကျမည့် Platinum Pathein စီမံကိန်းအား Phase 1 (အပိုင်း ၁) နှင့် Phase 2 (အပိုင်း ၂) ခွဲခြားထားပြီး စီမံကိန်းတည် နေရာမှာ ပုသိမ်တက္ကသိုလ်(အသစ်)အနီးတွင်တည်ရှိကြောင်းသိရသည်။

Phase 1(အပိုင်း ၁)၌ လုံးချင်းနေအိမ် Villa များ၊ ၁၈၀၀ စတုရန်းပေကျယ်ဝန်းသော နှစ်ထပ်ပလာဇာဈေးဆိုင်ခန်းများ၊ ကားရေဆေးဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ ပါဝင်သည်။ ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဆောင်ရွက်မည့် Phase 2 (အပိုင်း ၂) ၌ 3 star အဆင့်ရှိ ဟိုတယ်၊ အထပ်မြင့် သုံးထပ်နှင့် လေးထပ်ပါဝင်ဆောက်လုပ်မည့် တန်ဖိုးသင့်အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ရှော့ပင်းမောများ၊ စားသောက် ဆိုင်များ၊ ဘဏ်များ၊ ဓာတ်ဆီဆိုင်များနှင့် အပန်းဖြေပန်းခြံ များ ပါဝင်ဆောက်လုပ်မည်ဖြစ်သည်။


အထပ်မြင့်ခြောက်ထပ်ဖြင့် အခန်းပေါင်း ၅၇ ခန်းပါဝင်ဆောက်လုပ်မည့် ဟိုတယ်၏အောက်ထပ်၌ လူဦးရေ ၅၀၀ ဆံ့ မင်္ဂလာခန်းမနှင့် ဧည့်ခံပွဲကျင်းပရာနေရာများလည်း ပါဝင်မည်ဖြစ်သည့်အပြင် ယာဉ်အစီးရေ ၂၀၀ ကျော် ရပ်နားရန် ကားပါကင်နေရာများ ပါဝင်မည်ဖြစ်ကြောင်း Mya Bay Developments ကုမ္ပဏီလီမိတက် Admin Executive Nang Si Monn Tip က ပြောသည်။ **ပွင့်သစ္စာ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်းနှင့် ကိုယ်တွေ့ အံ့ဖွယ်မြင်ကွင်းများ



## ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်းနှင့် ကိုယ်တွေ့ အဓိဋ္ဌာန်ကျင့်စဉ်များ

စာရေးသူ ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) စီစဉ်ရေးသားသည့် ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်းနှင့် ကိုယ်တွေ့ အဓိဋ္ဌာန်ကျင့်စဉ်များ စာအုပ်ထွက်ရှိလာသည်။

ထူးဆန်းသည့် ပဋ္ဌာန်းစက်ဝန်းပူဇော်နည်းကို တစ်နေ့လျှင် အနည်းဆုံး တစ်နာရီထားပြီး ရသမျှအချိန်တွင် ပူဇော်ပါက ဆင်းရဲသူသည်ပင် အတိတ်ကံအတိုင်း ချမ်းသာနိုင်ပြီး ဘေးဆိုး၊ အန္တရာယ်ဆိုး မကောင်းသည့် အဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်နိုင်ကြောင်း ရေးသားထားသည်။ ထို့အပြင် သိကြားမင်း၊ နတ်မင်း၊ မြင်အပ် မမြင်အပ်သည့်ပုဂ္ဂိုလ်များ၏ စောင့်ရှောက်မှုကိုရရှိနိုင်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ဣန္ဒြိတံစာပေ၊ အမှတ်(2A-514)၊ မုဒိတာအိမ်ရာ၊ ဖန်ချက်စက်ရုံလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၂၀၁၄၃၈၁၁မှ တန်ဖိုးငွေကျပ် ၁၈၀၀ဖြင့် ဖြန့်ချိသည်။

## ဗုဒ္ဓနည်းကျ ခေါင်းဆောင်မှုပညာနှင့် ဘဝအောင်မြင်ရေး




စာရေးသူ ဒေါက်တာဉာဏမေတ္တာ စီစဉ်ရေးသားသည့် ဗုဒ္ဓနည်းကျ ခေါင်းဆောင်မှုပညာနှင့် ဘဝအောင်မြင်ရေးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူငယ်များအတွက် ဘဝတိုးတက်ရေး၊ အောင်မြင်ရေးအဆုံးအမများကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်ကတည်းက ဗုဒ္ဓသည် ဟောကြားထားပြီးဖြစ်ကြောင်း သိရှိလို၍ဖြစ်သည်။ ခေါင်းဆောင်တို့၏ အရည်အချင်းများ၊ ခေါင်းဆောင်ကောင်းတို့၏ ရှောင်ကြဉ်ရမည့် တရားများ၊ အဓိပတိစိတ်ဆောင်ကြံတိုင်းအောင်၊ ဗိုလ်ရှိပါမှ အောင်ပွဲရနှင့် မဂ္ဂင်ရှစ်ပါးဖြင့် ဘဝအောင်မြင်ရေး စသည့် အကြောင်းအရာများကို ပြည့်ပြည့်စုံစုံရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ အမှတ်-၁၃၊ ၃၈-လမ်း၊ ပလာဇာဈေးသစ်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅နှင့် ၀၉ ၉၆၃၆၉၉၈၃၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ဆိုးသွမ်းတဲ့ မှော်ဆရာနှင့် မှတ်ဖွယ်ပုံပြင်များ




ဆရာနေလင်းဝင်းရေးသားသည့် ဆိုးသွမ်းတဲ့မှော်ဆရာနှင့် မှတ်ဖွယ်ပုံပြင်များစာအုပ်ထွက်ရှိလာသည်။

သားသားမီးမီးလေးတို့အတွက် စိတ်ဝင်စားဖွယ်ရာပုံပြင် ၁၈၁ ပုဒ်ဖြင့် ရေးဖွဲ့ထားပြီး ကလေးငယ်များ အတုယူစရာ၊ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကိုမဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၉၂၈၃၅၊ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်





စာရေးသူ ရဲမြင့်(စွန့်ဦးတီထွင်) စီစဉ်ရေးသားသည့် အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင် စာအုပ်ထွက်ရှိလာသည်။

ဘဝအောင်မြင်ရေးအတွက် တက်ကျမ်းများကိုလည်းဖတ်ပါ၊ တက်ကျမ်းစစ်သည် စာမျက်နှာ နှစ်ခုတည်းရှိပြီး ပထမစာမျက်နှာသည် ဖြစ်လိုစိတ်၊ ဒုတိယစာမျက်နှာသည်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ဆန္ဒပြင်းပြလာလျှင် WILL ဆိုသည့် စိတ်စွမ်းအားရှိလာသည်။ ထိုအခါ ဖြစ်အောင်ဆောင်ရွက်ခြင်းကို တန်ခိုးတစ်ပါးကဲ့သို့ ဖန်ဆင်းနိုင်သည်။ အဆိုပါစာအုပ်တွင် လက်တွေ့ဆန်သော စာစုများကို ရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို လမင်းသစ်စာပေ၊ အမှတ်-၁၀၁၅၊ ၅- ရပ်ကွက် ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၅၀၀၄၃၆၇၇မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## သာဝါးလို့ထွေး





ကွမ်းယာသမိုင်း၊ ကွမ်းယာသုံးပစ္စည်းနှင့် ကွမ်းယာစားသုံးမှုစစ်တမ်းများကို သိရှိနိုင်စေရန် စာရေးသူ ကိုမြန်မာ စီစဉ်ရေးသားသည့် သာဝါးလို့ထွေး စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကွမ်းယာသမိုင်း(အတိတ်မှယနေ့ထိ)၊ ကွမ်းယာတွင်ပါဝင်သည့်ပစ္စည်းများနှင့် ပြုပြင်နည်းများ၊ ကွမ်းယာဆိုင်များအကြောင်းနှင့် ရောင်းချနည်း၊ ကွမ်းရွက်စိုက်ပျိုးထုတ်လုပ်နည်း၊ ကွမ်းရွက်နှင့် တိုင်းရင်းဆေးအသုံးပြုနည်း၊ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ကွမ်းသီးနှင့်ပွဲတွေ့ ဆေးမြီးတိုနည်းများ၊ ကွမ်းယာကြောင့် ဖြစ်တတ်သော ရောဂါများအား ကာကွယ်ကုသနည်းများ၊ ကွမ်းယာစားသုံးခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ကွမ်းစားသုံးခြင်း အပေါ်တားမြစ်ခြင်း၊ တုံ့ပြန်မှုနှင့် အလားအလာ စသည့်တို့ကိုသိရှိနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို စိတ်ကူးသစ်စာပေ ရုံး၊ အမှတ် -၁၄၉၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၉၁၃၂၂မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကဗျာဂီတ ဘဝစာပေ




စာရေးသူ ဒေါက်တာညိုအောင်စီစဉ်ရေးသားသည့် ကဗျာဂီတ ဘဝစာပေ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သွားနှင့်လေဦးတော့ သူတော်ကောင်းကြီးရေ၊ ဦးမြတ်လေးကိုသာ လွမ်း၊ ညိုပြာပြာ လတာပြင်ခြေရင်းနှစ်ပုဒ်၊ ဖြောသံမှသည်၊ မိန်းကလေးရဲ့ရင်ထဲက ခင်မောင်ရင်၊ သမိုင်းတွင်သည့်နေရာက သမိုင်းဝင်မည့်နေရာ၊ ပန်းမျိုးစုံရာသီကူးခဲ့ပေါ့လေ၊ ဗိုလ်စံဖဲပွဲကြည့်လာတာမြင်၊ ဂျာအေးသူ့အမေရိက် စသည့်အကြောင်းအရာ ၂၀ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## စာနာအလိုက်သိစွာ အတွေးအမြင်အနုပညာ





စာရေးသူ ပေါက်ပေါက်စီစဉ်ရေးသားသည့် စာနာအလိုက်သိစွာ အတွေးအမြင်အနုပညာစာအုပ် ထွက်ရှိလာသည်။

လူအပါအဝင် သက်ရှိအားလုံး မိမိကျင်လည်ကျက်စားရာဘုံဘဝတွင် တစ်ဦးတစ်ယောက်တည်းရပ်တည်၍မရ၊ လူမှုဘဝနယ်ပယ်တွင် အချင်းချင်း စာနာမှု၊ အလိုက်သိမှုများဖြင့် ဟန်ချက်ညီညီ ပြုမူနေထိုင်တတ်ပါမှ အဆင်ပြေပျော်ရွှင်ဖွယ်ရာ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ နိစ္စဓူဝ လူနေမှုဘဝ၏ အတွေးအမြင် အနုပညာလေးများကို စာဖွဲ့၍ စာရေးသူက မျှဝေခံစားနိုင်စေရန် စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

## ENGLISH GRAMMAR




အင်္ဂလိပ်စာလေ့လာခြင်း၏အရသာကို ပြည့်ပြည့်ဝဝခံစားနိုင်စေရန် စာရေးသူ ရွှေပြည်ရမ္မာ စီစဉ်ရေးသားသည့် ENGLISH GRAMMAR စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သိသင့်သိထိုက်သည့် အင်္ဂလိပ်သဒ္ဒါပိုင်းဆိုင်ရာများကို ဥပမာဝါကျများ၊ ရှင်းလင်းချက်များ၊ လေ့ကျင့်ခန်းများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ မှတ်သားသင့်သည်များကို အထူးဂရုစိုက်မှတ်သားပါ၊ ကိုယ်တိုင်လည်း ဝါကျရေးနိုင်စေရန်လမ်းညွှန်ထားသည်။

အင်္ဂလိပ်စာကို ကောင်းစွာရေးလို၊ ပြောလိုသောသူများအတွက် အထောက်အကူဖြစ်စေရန် Pattern ပေါင်း ၅၀ကျော်ကို ဥပမာဝါကျများဖြင့် ရေးသားထားသဖြင့် အင်္ဂလိပ်စာလေ့လာလိုသူများ ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ သန္တာ(၁၇)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၄၀၃၃၆၁၅၆၅ မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေနှင့် ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း (INGOs) များမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) များမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၀၀ ပြည့်နှစ်၌ ကျင်းပခဲ့သည့် (၅၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက ဒီဇင်ဘာလ ၁၈ ရက်နေ့ကို **"နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများနေ့"** အဖြစ်

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**



ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်ပြခန်းများ၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲသို့ တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲသို့ တက်ရောက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများ စုပေါင်းကျင်းပသည့် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ငွေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးအေးသာအောင်နှင့်ဇနီးဒေါ်သိန်းယဉ်ချော၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

# ICJ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ဥပဒေရေးရာအကြံပေး ဦးသီဟန်မျိုးညွန့် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ဥပဒေရေးရာအကြံပေး ဦးကျော်တင် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)တို့နှင့် Moderator အဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးထားကြသည့် **"ICJ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများ"** စကားဝိုင်းကို ဒီဇင်ဘာ ၁၉ ရက် ည ၈ နာရီ မြန်မာ့ရုပ်မြင်သံကြား၊ မိုးလေဝသသတင်းအစီအစဉ် အပြီးနှင့် မြန်မာ့အသံရေဒီယို ည ၈ နာရီ သတင်းအပြီးတို့တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်းစသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ မွန်ပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀) ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/ နိုင်ငံခြားကုမ္ပဏီ/ လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး**
**၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့်**
**လုပ်ငန်းရှင်များ(၅၀)ဦးစာရင်း**
**(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ဦးစိုးလင်း | ပျဉ်းကတိုးကုန်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း |
| ၂ | ဦးသိန်းနိုင်(ခ) ဦးနေထက်သိန်းနိုင် | ကျိုက်ထီးရိုးစေတီရင်ပြင်တော်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ရိုးရိုးလေး ဟိုတယ် |
| ၃ | AOK ကုမ္ပဏီလီမိတက် | သထုံစုကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း |
| ၄ | ဦးမောင်မောင် | ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း |
| ၅ | ဦးနိုင်လင်းကိုကို (ဆက်ခံ)ဦးဝင်းနိုင် | ကျိုက်ထီးရိုးစေတီရင်ပြင်တော်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျိုက်ထိုဟိုတယ် |
| ၆ | ဦးကျော်ဝင်း | ကမ်းနီကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း |
| ၇ | ဦးဇော်ဝင်းထွန်း+ဦးစိုးညီညီ | ရန်ကုန် - မော်လမြိုင်လမ်းမကြီးဘေး၊ လှည်းလမ်းကူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | Feel စားသောက်ဆိုင် |
| ၈ | REHMONNYA UNITED CO.,Ltd | ကွင်းအမှတ်(၅၇)၊ ကုလားမတောင်ကြိုးဝိုင်း၊ အုန်းတပင်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | လမ်းခင်းကျောက် ထုတ်လုပ် ရောင်းချခြင်း |
| ၉ | ဒေါက်တာမျိုးမြင့်စိန် + ဒေါ်သန်းသန်းဆွေ | ရန်ကုန် - မော်လမြိုင်လမ်းမကြီးဘေး၊ ဘိုက္ကားကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | စိမ်းလဲ့တင် ဟိုတယ် + စားသောက်ဆိုင် |
| ၁၀ | "ရွှေမြင့်မိုရ်ထွန်း" ကုမ္ပဏီ | မော်လမြိုင်-ရန်ကုန်လမ်းမ၊ ပုသိမ်ကွင်းရပ်၊ မုတ္တမဆင်ရွာကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း |
| ၁၁ | Yar Ma Nya Oo Co.,Ltd | အမှတ်-၇၅/၁၊ မင်းလမ်း၊ ပုသိမ်ကွင်းရပ်၊ မုတ္တမ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း |
| ၁၂ | ဦးခင်မောင်ဖြူ | မိုင်တိုင်(၁၀၅/၀)၊ ရန်ကုန် - မော်လမြိုင်လမ်းမကြီးဘေး၊ လက်ပြကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဘဲလေး စားသောက်ဆိုင် |
| ၁၃ | MOE & TOE FAMILY COMPANY LIMITED | အမှတ်-အီး/၅၀၊ မြို့ရှောင်လမ်း၊ မြေနီကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကားအရောင်း ကုမ္ပဏီ |
| ၁၄ | ဦးလှဝင်းခိုင်+၁ | အမှတ်-၈၈၀၊ ကျိုက္ခမီလမ်း၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မင်းသန့်ဆီဆိုင် |
| ၁၅ | "Royal Elephant Power" Co.,Ltd | အမှတ်-၆၀၊ အောက်လမ်းမကြီး၊ ဈေးကြီးရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အသင့်ဖျော် ကွန်ကရစ် ရောင်းချခြင်း |
| ၁၆ | ဦးစလှထွန်းဦး(ဆက်ခံ) ဦးကျော်မြတ်မိုး | ရန်ကုန် - မော်လမြိုင်လမ်းမကြီးဘေး၊ အေးရိပ်ငြိမ်ရပ်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ခိုင်ခိုင်ကျော် ထမင်းဆိုင် |
| ၁၇ | ဦးကျော်စိုး | ထောင်မှူးကျေးရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တူးလိပ် စားသောက်ဆိုင် |
| ၁၈ | ဦးမြင့်လွင်+ ဒေါ်သန်းမိုးအေး | အမှတ်-၉၂၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ရာမညဟိုတယ် |
| ၁၉ | ဦးထိန်လင်း | အမှတ်-၁၊ မြို့ရှောင်လမ်း၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | "ရွှေမြင့်မိုရ်ထွန်း" ဟိုတယ် |
| ၂၀ | RubberKing စက်မှုလက်မှုနှင့် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် | အမှတ်-၁၅၊ မုဒုံဦးလမ်း၊ ကွမ်တာကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကုန်ထုတ် လုပ်မှုလုပ်ငန်း |
| ၂၁ | ဦးချိုမင်းလင်း | အမှတ်-၂၇/၈၊ ပြည်တော်သာဝင်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းပေးသွင်းခြင်း |
| ၂၂ | ဦးရဲမင်း | အမှတ်-၂၂၊ ကျိုက်သုတ်ဘုရားလမ်း၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မန္တလေးအသားကင် |
| ၂၃ | ဦးပီမနော်ဟာရ် | အမှတ်-၂၇၈၊ မြို့မတံတားလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | နံ့သာဖြူဟိုတယ် |
| ၂၄ | SEVEN BROTHERS COMPANY LIMITED | အမှတ်-၃၊ မုတ္တမ၊ ဆင်ဖြူရပ်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မြစ်သဲကျောက် ရောင်းဝယ်ရေး |
| ၂၅ | နီအိုမော(မ်) မြန်မာကုမ္ပဏီ လီမိတက် | ကျိုက္ခမီလမ်းဘေး၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | Trading |
| ၂၆ | ဦးဇော်မိုးဝင်း | အမှတ်-၂၅၇/၂၅၉၊ ၄-လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | (ပန်ဒါ)အရက် ပုလင်းသွတ်လုပ်ငန်း |
| ၂၇ | Mawlamyine Paradiso Cinema | အထက်လမ်းမကြီးနှင့် ကျောက်မီးသွေးရုံလမ်းထောင့်၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | Paradiso ရုပ်ရှင်ရုံ |
| ၂၈ | ဦးသိန်းဇော် | သိမ်ကုန်းရပ်ကွက်၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အောင်သစ္စာ စားသောက်ဆိုင် |
| ၂၉ | ဦးအောင်ကိုကို | အမှတ်-၁၁၁၊ အထက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | "ပျားထန်း" အရက် ပုလင်းသွတ်လုပ်ငန်း |
| ၃၀ | Myanmar Cineplex Co.,Ltd | အထက်လမ်းမကြီး၊ ဘိုကုန်းရပ် (Ocean Centre)၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | (JCGV) ရုပ်ရှင်ရုံ |
| ၃၁ | ဦးဖေအောင်+ဒေါ်သန်းစိန် | အမှတ်-၅၊ မော်သံလမ်း၊ မြို့မ-၄ရပ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | "လမ်းခင်း ကျောက်ထုတ်လုပ် ရောင်းဝယ်ရေး" |
| ၃၂ | ဒေါ်ခင်သိန်းရင် | ကျိုက်ထီးရိုးဘုရားလမ်း၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တောင်တန်းသာဟိုတယ် |
| ၃၃ | ဦးသန်းရှိန် | အမှတ်-၆၊ အောင်ဇေယျာလမ်း၊ အစင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ငါးဖမ်းစက်လှေ လုပ်ငန်း+လျှပ်စစ် ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်း |
| ၃၄ | ဦးစိုးသီဟ | ကျိုက်ထီးရိုးဘုရားလမ်း၊ ဇေယျာမွန်ရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ရွှေညီကိုစားသောက်ဆိုင်+ MOE GUEST HOUSE |
| ၃၅ | ဦးဇော်လင်းဦး | ကျုံကကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း |
| ၃၆ | Oakar Ko Co.,Ltd | အမှတ်-၆၊ ကဒါရပ်ကွက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | လမ်းခင်းကျောက် ရောင်းဝယ်ခြင်း |
| ၃၇ | ဦးကျော်မင်း | အမှတ်-၅၄၁၊ အောက်လမ်းမ၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဇမ္ဗူကျော်ဟိုတယ် + သစ်ဆိုင် |
| ၃၈ | ဒေါ်နိုင်အေး (ခ) ဒေါ်နိုင်နိုင်အေး | မြသပိတ်ဘုရားလမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | သုဝဏ္ဏဘူမိဟိုတယ် |
| ၃၉ | လင်းကြယ်သုံးလုံးကုမ္ပဏီ လီမိတက် | အမှတ်-၁၀၄၊ ကျွန်းတောလမ်း၊ ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေးလုပ်ငန်း |
| ၄၀ | ဒေါ်ခင်သန်း | အမှတ်-၄၀၊ ကော့ဟဘင်ဘုရားလမ်းသွယ်၊ မြို့မ-၂ရပ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မြေကွက် ငှားရမ်းခြင်း |
| ၄၁ | ဦးမင်းဆက်လှိုင် | မင်းလမ်း၊ ဘင်လှိုင်ရပ်ကွက်၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဝမ်းအိုတူး စားသောက်ဆိုင် |
| ၄၂ | ရွှေမင်းထက်ကုမ္ပဏီ လီမိတက် | အမှတ်-၆၀၊ ရွှေပိတောက်လမ်း၊ မြို့မဈေးရပ်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်၊ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း |
| ၄၃ | ဦးအောင်မျိုးသိန်း | အမှတ်-၂၄၉/အေ၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း တင်ဒါရယူ ပေးသွင်းခြင်း |
| ၄၄ | ဦးငွေသိန်း | အမှတ်-၅၉၉၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဝတီနန်း စားသောက်ဆိုင် |
| ၄၅ | ဒေါ်ဝါနုလင်း | မြသပိတ်ဘုရားလမ်း၊ နန်းခဲရပ်ကွက်၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | FIRST MOUNTAIN ကဖီးနှင့်အအေးဆိုင် |
| ၄၆ | ဦးကျော်မျိုးရှိန်(ခ) ကျန်ကွေ့ချင် | မုပွလင်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း |
| ၄၇ | ဦးကျော်တင့် | ရန်ကုန်-မော်လမြိုင်လမ်းမကြီးဘေး၊ ဥဩရပ်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ချစ်ဝိုင်း စားသောက်ဆိုင် |
| ၄၈ | ဦးတင်အေး | အမှတ်-L/၄၊ မြို့ရှောင်လမ်း၊ မြေနီကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ပုလဲဖြူဟိုတယ် |
| ၄၉ | ဦးမြဦး | အမှတ်-၄၅၊ အနောက်မဟာဗောဓိလမ်း၊ ဘိုးရာဇာရပ်ကွက်၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ထီဆိုင်+တင်ဒါ ပစ္စည်းသွင်း |
| ၅၀ | ပြည်အလင်းရောင် ကုမ္ပဏီလီမိတက် | အမှတ်-၁၆၊ ဗိုလ်ချုပ်လမ်းသွယ်(၉)၊ သိမ်ကုန်းရပ်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဝန်ဆောင်မှုလုပ်ငန်း |

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ မွန်ပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀)ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး
### ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀)ဦးစာရင်း
### (ပုဂ္ဂလိက/မြန်မာကုမ္ပဏီ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးမိုးကျော် | အမှတ်- ၆၆၊ မိန်းကလေးကျောင်းလမ်း၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မြေကွက် ရောင်းချခြင်း | |
| ၂ | ဦးစိုးလင်း | ပျဉ်းကတိုးကုန်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း | |
| ၃ | ဒေါ်နှင်းအေး | အမှတ်- ၂၉၊ ထားဝယ်စုဈေးလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မြေကွက် ရောင်းချခြင်း | |
| ၄ | ဦးသိန်းနိုင်(ခ) ဦးနေထက်သိန်းနိုင် | ကျိုက်ထီးရိုးစေတီရင်ပြင်တော်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ရိုးရိုးလေးဟိုတယ် | |
| ၅ | ဦးကိုကိုနိုင်(ခ) ဦးနိုင်ဖြိုးကျော် | အမှတ်-၁၅၆/င၊ ကျိုက္ခမီလမ်း၊ ဒေါင်းဇရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၆ | AOK ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် | သထုံစုကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၇ | ဦးစိုးမြင့်အောင် | အမှတ်-၁၂၄/က၊ ရွှေတချောင်းတောင်၊ လှည်းလမ်းကူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မြေကွက်(၂.၀၀) ဧက ရောင်းချခြင်း | |
| ၈ | ဒေါ်ခင်ကြည် | အမှတ်- ၁၄၇/အေ၊ ကျိုက်ခမီလမ်း၊ ဆန်တန်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၉ | ဒေါက်တာကင်ကြည် | အမှတ်- ၄၇၁၊ အောက်လမ်းမကြီး၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဇာနည်ဘွား ဆေးရုံ | |
| ၁၀ | ဦးပီမနေဝ်ဟာရ် | အမှတ်-၂၇၈၊ မြို့မတံတားလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | နံ့သာဖြူ ဟိုတယ် | |
| ၁၁ | ဦးမောင်မောင် | ကျောက္ကလပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကျောက် ထုတ်လုပ်ခြင်း | |
| ၁၂ | Golden Smart Power | အမှတ်- ၇၉၊ ကျိုက်ဖနဲဘုရားလမ်း၊ စက်တန်းရပ်ကွက်၊ ကျိုက်ဖနဲရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၃ | ဦးလှထွန်း | အမှတ်- ၇၄၊ ကျောက်စိမ်းလမ်း၊ ဈေးကြိုပွဲရုံတန်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဦးလှထွန်း ရေတ်သီးမှုန့် လုပ်ငန်း | |
| ၁၄ | ဦးသန်းရှိန် | အမှတ်- ၆၊ အောင်ဇေယျလမ်း၊ အစင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ငါးဖမ်းစက်လှေ လုပ်ငန်း+ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး | |
| ၁၅ | Lay Kyun Thitsar Mining Co.,Ltd | အမှတ်- ၃၊ မင်းကြီးတံတားလမ်း၊ စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၆ | ဒေါ်ခင်သန်း | အမှတ်-၄၀၊ ကေ့ာဟာဘင်ဘုရားလမ်းသွယ်၊ မြို့မ- ၂ရပ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မြေကွက် ငှားရမ်းခြင်း | |
| ၁၇ | ဒေါက်တာလှမြတ်ဦး | အမှတ်-၄၀၁-C/၃၉၉-B၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ရတနာမွန်ဆေးရုံ | |
| ၁၈ | ဒေါ်စန္ဒာတင် | ကမ်းနားလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | Strand Hotel | |
| ၁၉ | MOE & TOE FAMILY Co.,Ltd | အမှတ်- အီး/၅၀၊ မြို့ရှောင်လမ်း၊ မြေနီကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကားအရောင်း ကုမ္ပဏီ | |
| ၂၀ | ဦးထွန်းဝင်း | အမှတ်- ၂၄၂၂၊ စစ်မောင်လမ်း၊ ခြောက်မိုင်ကွဲခြံကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ကွမ်းသီးရောင်း/ ဝယ်ရေး | |
| ၂၁ | ဦးစိုးသိန်း | အမှတ်-၇၊ ၂၂၇၊ အောင်ဇေယျလမ်း၊ အစင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ငါးဖမ်းစက်လှေ လုပ်ငန်း | |
| ၂၂ | ဦးအောင်ဇော်ထက် | ကျင်ချင်းစက်ဝင်း၊ ကျိုက်ဖနဲရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဝက်လိုင်စင်စီ | |
| ၂၃ | ဒေါက်တာသိန်းနိုင် | အမှတ်-၄၉၀၊ အောက်လမ်းမ၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တော်ဝင်ဆေးရုံ | |
| ၂၄ | ဦးမျိုးသိန်း | အမှတ်- ၉၆၊ အောင်ဆန်းလမ်း၊ စက်သစ်ရပ်ကွက်၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ရွှေဆိုင် | |
| ၂၅ | Mawlamying Holdings Limited | သံလွင်ဥယျာဉ်လမ်း၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အအေးခန်း ဝန်ဆောင်မှု+ ငါးမျိုးစုံဝယ်/ ရောင်းခြင်း | |
| ၂၆ | "Royal Elephant Power" Co.,Ltd | အမှတ် - ၆၀၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အသင့်ဖျော် ကွန်ကရစ် ရောင်းချခြင်း | |
| ၂၇ | ဦးဝိလွင် | အမှတ်-၁၅/ခ၊ ဗိုလ်ချုပ်လမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တောင်တက်ကား ပြေးဆွဲခြင်း | |
| ၂၈ | Myint Mahar Kyaw Co.,Ltd | အမှတ်- ၇၄၊ ဒေါင်းမင်းလမ်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၉ | ကျိုက်ထီးရိုး- ရေတံခွန်ကားအသင်း | ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တောင်တက်ကား ပြေးဆွဲခြင်း | |
| ၃၀ | ဒေါ်ခင်ပန်း | အမှတ်- ၅၄၊ မြောက်ဗိုလ်ချုပ်လမ်း၊ ပန်းထိမ်တန်းရပ်၊ ကျိုက်ဖနဲရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၃၁ | ဦးလှဝေ | မြို့ပတ်လမ်း၊ ဘိုးလှကြီးရပ်ကွက်၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တင်ဒါ ပေးသွင်းခြင်း | |
| ၃၂ | A C Power Co.,Ltd | အမှတ်-၇၄၊ မြို့ရှောင်လမ်း၊ မြေနီကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၃ | ဦးသစ်လွင် | အမှတ်-၃/က၊ ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၃၄ | ဒေါ်ရွှေယင်းမာ | အမှတ်-၈၊ အရှေ့တပ်မြေလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဘုရင့်ရုပ်ရှင်ရုံ ငှားရမ်းခြင်း | |
| ၃၅ | ဦးဝင်းနိုင်ဦး | အမှတ်- ၂၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | M-2 (စားသောက်ဆိုင်) | |
| ၃၆ | ဦးမောင်ဇော် | ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | မဟာဣသိန္ဒေဝ ဘိုးဘိုးကြီးနတ်နန်း အလှူခံ | |
| ၃၇ | ဦးဌေးမင်း | Myanmar Lighting (IPP Co.,Ltd၊ မော်လမြိုင် - ကျိုက်မရောလမ်းမကြီး၊ ငန်းတေးဂေါက်ကွင်းရှေ့၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | လစာဝင်ငွေ ပေးသွင်းခြင်း | |
| ၃၈ | ဦးလွင်ကိုကို+ ဒေါ်စိုးရတနာဦး | အမှတ်-၃၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၃၉ | ဦးအောင်ဇော်ထက် | အမှတ်-၂၄ ၊ မြရတနာလမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဝက်လိုင်စင် လုပ်ငန်း | |
| ၄၀ | MYAT MOE THIT Co.,Ltd | အမှတ်- 2-Q၊ ထားဝယ်စုဈေးလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၁ | ဦးခင်မောင်ဖြူ | မိုင်တိုင်အမှတ်-၁၀၅/၀၊ ရန်ကုန်- မော်လမြိုင်လမ်းမကြီးဘေး၊ လက်ပြကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဘဲလေး စားသောက်ဆိုင် | |
| ၄၂ | ဒေါက်တာမျိုးမြင့်စိန်+ ဒေါ်သန်းသန်းဆင့် | ဘိုက္ကားကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | စိမ်းလဲ့တင် ဟိုတယ်/ စားသောက်ဆိုင် | |
| ၄၃ | ဒေါ်စီစီခိုင် | အမှတ်- ၈၂၊ ကျောက်စိမ်းလမ်း၊ ပွဲရုံတန်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၄၄ | ဦးတိုက်ဆိုင် | အမှတ်-၂၈၊ တရုတ်တန်းလမ်း၊ အောက်ကျင်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဝက် လိုင်စင် | |
| ၄၅ | ဦးချိုမင်းလင်း | အမှတ်- ၂၇/၈၊ ပြည်တော်သာဝင်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း ပေးသွင်းခြင်း | |
| ၄၆ | ဦးလှရှိန် | အမှတ်-၄၁၆၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ | မွန် | အိမ်မြေ ရောင်းချခြင်း | |
| ၄၇ | ဦးဇော်ဝင်းထွန်း+ ဦးစိုးညီညီ | လှည်းလမ်းကူးကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | Feel စားသောက်ဆိုင် | |
| ၄၈ | ဦးချစ်ပို | အမှတ်- ၉၊ ဘုရားလမ်း၊ ကံ့ကော်ရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တောင်တက်ကား ပြေးဆွဲခြင်း | |
| ၄၉ | ဦးစိုးဝင်း | အမှတ်- ၂၇၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တောင်တက်ကား ပြေးဆွဲခြင်း | |
| ၅၀ | ဒေါ်ဆုပြည့်ပိုင်မှူး | အမှတ်-၁/၄၆၊ ဗိုလ်ချုပ်လမ်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ | မွန် | တောင်တက်ကား ပြေးဆွဲခြင်း | |